ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ပညာရှိသူနှင့် ပညာမရှိသောသူ**

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 24 August 2023 ၁၁၁၉၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ အစည်းအဝေး (၁/၂၀၂၃) ကျင်းပ**
စာမျက်နှာ » ၃

**အမျိုးသားကျန်းမာရေးအသုံးစရိတ်ဆိုင်ရာ အချက်အလက်များ ဆန်းစစ်သုံးသပ်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ**
စာမျက်နှာ » ၅

**အခြေခံစားသောက်ကုန်တွင် အရေးပါသည့် ရေထွက်ကုန်၊ ကုန်စိမ်းနှင့် အသီးအနှံများ လက်ကားအဓိကဖြန့်ဖြူးရာ ရွှေပိတောက်ငါးဈေးနှင့် သီရိမင်္ဂလာဈေးကြီး**
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

**မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ**
စာမျက်နှာ » ၁၈



# မြဝတီ-ကော့ကရိတ် အာရှလမ်း ယာယီဘေလီတံတားတည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီး၍ မကြာမီကုန်စည်ယာဉ်များ ဖြတ်သန်းသွားလာနိုင်တော့မည်

ဘားအံ ဩဂုတ် ၂၃

ကရင်ပြည်နယ်တွင် မိုးရွာသွန်းမှုကြောင့် ဩဂုတ် ၇ ရက်က မြဝတီ-ကော့ကရိတ် အာရှလမ်း မြေပြိုမှုဖြစ်ပွားခဲ့ရာ ယာဉ်သွားလာမှု ယာယီရပ်တန့်ခဲ့ရပြီး အဆိုပါလမ်းအား ယာဉ်များပြန်လည်သွားလာနိုင်ရန် ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်နယ်လမ်းဦးစီးဌာနတို့၏ဦးဆောင်မှုဖြင့် ဩဂုတ် ၁၀ ရက်မှစတင်၍ ယာယီဘေလီတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆောင်ရွက်ပြီးစီးနေပြီဖြစ်**

အဆိုပါ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး ယာယီဘေလီတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ကော့ကရိတ်မြို့လမ်းဦးစီးဌာနမှ AE ဦးမိုးကျော်ဦးစီးသည့်အဖွဲ့က ဘက်ဟိုးယာဉ် ခြောက်စီး၊ မြေကော်စက် နှစ်စီး၊ မြေညှိစက်(ဒိုဇာ) တစ်စီးတို့ဖြင့် လမ်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် လမ်းပျက်စီးခဲ့သည့်နေရာ၏ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် ယာယီရှောင်ကွင်း မြေသားလမ်းဖောက်လုပ်ပြီး ကျောက်ကြမ်းနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



ကြေးမုံ

# အမျိုးသားရေးတာဝန်ကျေပွန်စွာထမ်းရွက်

နိုင်ငံတစ်နိုင်ငံတွင် တိုးတက်ဖြစ်ပေါ်နေသည့် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စွာရရှိထားရေးသည် အလွန်အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်သည်။ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စွာရရှိထားပါမှ နိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစသည့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စွာရရှိရေးအတွက် ကမ္ဘာပေါ်ရှိနိုင်ငံများသည် သန်းခေါင်စာရင်းကောက်ယူရေးကို စနစ်တကျ ဆောင်ရွက်ကြသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် တစ်နိုင်ငံလုံး "လှည်းနေလှေအောင်း မြင်းဇောင်းမကျန်" ဆိုသကဲ့သို့ မကျန်ရအောင် ဆောင်ရွက်ရသဖြင့် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး ကုန်ကျစရိတ်များပြားသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် ၁၀ နှစ်လျှင်တစ်ကြိမ် လူဦးရေ သန်းခေါင်စာရင်းကောက်ယူလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၌ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူပြီးနောက် ၁၀ နှစ်ကြာသည့် လာမည့် ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ကောက်ယူတော့မည်ဖြစ်သည်။

"သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အချိန်၊ ငွေကြေးနှင့် လူအင်အားအပါအဝင် အရင်းအမြစ်ပေါင်းများစွာကို ရင်းနှီးစိုက်ထုတ်ထားရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံတော်အတွက် အသုံးဝင်သည့် အချက်အလက်များဖြစ်သည့်အတွက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်တစ်ခုလုံး ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်သွားကြရန်" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဩဂုတ် ၂၂ ရက်တွင်ကျင်းပသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည့်နိုင်ငံဖြစ်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သော တိကျမှန်ကန်သည့်လူဦးရေနှင့် လူမှုစီးပွားရေးအခြေအနေများကို အုပ်ချုပ်မှုဒေသအသေးငယ်ဆုံးအဆင့်အထိ မှန်မှန်ကန်ကန်ရရှိနိုင်ရန် မဖြစ်မနေကောက်ယူရမည်ဖြစ်ရာ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်သည်။

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောင်မြင်စွာကောက်ယူနိုင်ရန်နှင့် စာရင်းကောက်ယူရာတွင် ကြုံတွေ့လာနိုင်သည့်အခက်အခဲများကို ကြိုတင်ပြင်ဆင်ထားနိုင်ရန် ရှေ့ပြေးစမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရေးကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ၌ မြို့နယ် ၂၀ အတွင်းရှိ စာရင်းကောက်ကွက် ၁၀၀ တွင် ပဏာမဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အောင်မြင်စွာကောက်ယူခဲ့ပြီး ၂၀၁၉ ခုနှစ်တွင်လည်း ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ကောက်ယူနိုင်ခဲ့သည့် အတွေ့အကြုံများရှိပြီးဖြစ်သည်။ ယခင်သန်းခေါင်စာရင်းများ ကောက်ယူစဉ်က နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာနှင့် ငွေကြေးဆိုင်ရာအထောက်အပံ့များ ရယူဆောင်ရွက်ခဲ့သော်လည်း ယခုဆောင်ရွက်မှုတွင် နိုင်ငံရှိအစိုးရနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတော်ဘဏ္ဍာငွေအင်အားများဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူရေးသည် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူအားလုံးနှင့်သက်ဆိုင်ပြီး သန်းခေါင်စာရင်းကောက်ယူခြင်း အကျိုးရလဒ်များသည် နိုင်ငံတော်အတွက် အရေးပါသဖြင့် ပြည်သူများအနေဖြင့် မှန်မှန်ကန်ကန်ဖြေဆိုမှသာ အချက်အလက်အရည်အသွေးများ ကောင်းမွန်မည်ဖြစ်သည်။ ထို့ကြောင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်ရန် မီဒီယာကဏ္ဍမှ ပါဝင်ဆောင်ရွက်မှုသည် အရေးကြီးသည်။ လူဦးရေနှင့် အိမ်အကြောင်းအရာကောက်ယူခြင်းကို ပြည်သူလူထုနားလည်သဘောပေါက်စေရန် အသိပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေးကို မီဒီယာကဏ္ဍသာမက ဂီတအနုပညာကဏ္ဍကပါ ဆိုရှယ်မီဒီယာများမှတစ်ဆင့် လှုံ့ဆော်မှုဝေပေးကြရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံ၏ လက်ရှိအနေအထားများအရ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် အချို့နေရာဒေသများ၌ စိန်ခေါ်မှုအမျိုးမျိုးနှင့် အခက်အခဲအမျိုးမျိုးရှိနိုင်သည်ဖြစ်ရာ တွေ့ကြုံလာနိုင်သည့် စိန်ခေါ်မှုများကို ကြိုတင်ပြင်ဆင်ကျော်လွှားနိုင်အောင် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။ သို့ဖြစ်ရာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် နိုင်ငံအတွင်း နေထိုင်သူများအားလုံးနှင့်သက်ဆိုင်ပြီး နိုင်ငံတော်အတွက် အကျိုးရလဒ်ကောင်းများရရှိနိုင်သဖြင့် သက်ဆိုင်ရာဌာနများ၊ အခြားဆက်စပ်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးတာဝန်အဖြစ် လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ကော့မှူးမြို့နယ် အထက(ထန်းမနိုင်)၌ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ကော့မှူး ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော ကျပန်းစကားပြောပြိုင်ပွဲကို အခြေခံ ပညာအထက်တန်းကျောင်း(ထန်းမနိုင်)၌ ယနေ့ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ထန်းမနိုင်)မှ ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်ရှိန်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ပြိုင်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

**ဆုများပေးအပ်**

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရာ Grade -11 မှ မနန္ဒာအောင်က ပညာရဲရင့်ပွဲလယ်တင့်၊ Grade-10 မှ မယမင်းသွယ်က အစဉ်ရှေးရှုမြန်မာ့ယဉ်ကျေးမှု၊ မောင်ခိုင်မင်းသက်က ယနေ့လူငယ်နောင်ဝယ်လူကြီး၊ Grade-8 မှ မောင်မြင့်မြတ်ဖြိုးနိုင်က မူးယစ်ရန်စွယ် တို့ကာကွယ်နှင့် မရွှန်းလဲ့ဖြူစင်က ကျန်းမာခြင်းသည်လာဘ်တစ်ပါး စသည့် ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ရှိန်နှင့် မြို့နယ်စာရေးဆရာအသင်းမှ(အတွင်းရေးမှူး) ဦးခင်ဇော်(ခင်ဇော်ကော့မှူး)တို့က ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။



ထို့နောက်ကော့မှူးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များ ပြသထားရာ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

ဇာခြည်(ပြန်/ဆက်)

## ကန်ကြီးထောင့်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီအသစ် ရွေးချယ်ဖွဲ့စည်း

**ကန်ကြီးထောင့် ဩဂုတ် ၂၃**

ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျုံပဒုတ်ကျေးရွာအုပ်စု ကျုံပဒုတ်၊ တာပိကုန်းစွန်း၊ ထန်းကုန်း ကျေးရွာတို့အား စီမံကိန်းလက်စွဲစာစောင်ပါအတိုင်း ကျေးရွာကော်မတီအသစ် ရွေးချယ်ဖွဲ့စည်းခြင်း အခမ်းအနားကို ထန်းကုန်းကျေးရွာ ဓမ္မာရုံ၌ကျင်းပရာ အခမ်းအနားသို့ ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးဌေးနိုင်(ဒုတိယညွှန်ကြားရေးမှူး)၊ ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်သဉ္ဇာညွန့် (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။



အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီအသစ်အဖြစ် အမျိုးသား သုံးဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်း ခုနစ်ဦးတို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

၂၂၂

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၃ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၄၀၀ | ၂,၆၀၃ | ၂၄,၂၆၇,၈၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၃,၁၃၆ | ၉,၉၉၆,၂၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၂,၈၆၈ | ၄,၈၇၅,၆၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၁ | ၂,၄၅၀ |
| EFR | ၂,၃၅၀ | ၂,၃၀၀ | ၂,၀၈၀ | ၄,၈၀၂,၃၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |
| MAEX | ၁,၉၀၀ | ၁,၉၀၀ | ၂,၉၂၉ | ၅,၄၆၅,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီအစည်းအဝေး (၁/၂၀၂၃) ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၃**

ပြည်ထောင်စု ကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ(၁/၂၀၂၃) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကုန်စျေးနှုန်းတည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်နိုင်ဦး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စု ကုန်စျေးနှုန်းတည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကော်မတီအနေဖြင့် ပြည်သူများ၏ စားရေးအတွက် အဓိကကျသည့် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်စည်စျေးနှုန်းများ တည်ငြိမ်ရေးကို ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်စျေးနှုန်း တည်ငြိမ်ရေးအတွက် လက်တွေ့ကျပြီး အမှန်တကယ် ထိရောက်အကျိုးရှိမည့်နည်းလမ်းများကို အသုံးပြုပြီး သက်ဆိုင်ရာကော်မတီများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြေခံ စားကုန်ပစ္စည်းတစ်မျိုးစီ၏ ပြည်တွင်းစားသုံးမှု လိုအပ်ချက်နှင့် ပြည်တွင်းထုတ်လုပ်နိုင်မှု ပမာဏတို့ကို ချိန်ဆပြီး လိုအပ်သည့်မူဝါဒများ ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသအလိုက် ကုန်စျေးနှုန်းများ တည်ငြိမ်စေရန်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကုန်ပစ္စည်းထွက်ရှိရာ ဒေသများမှ စားသုံးသည့်ဒေသများသို့ သယ်ဆောင်ရာတွင် သယ်ယူစရိတ်ကြီးမြင့်စေသည့် စက်သုံးဆီစျေးနှုန်းမြင့်တက်ခြင်း၊ ကြားခံအဆင့်များပြားခြင်းကို လျှော့ချနိုင်မည့် နည်းလမ်းများရှာဖွေခြင်း၊ ကုန်စည်အဝင်/ အထွက် မျှတမှု ရှိ၊ မရှိနှင့် ဝိသမလောဘသမားများ၏ စျေးကစားမှု ရှိ၊ မရှိကို စုံစမ်းစိစစ်ခြင်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကုန်စျေးနှုန်းတည်ငြိမ်မှု ပျက်ပြားစေမည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် အခြေခံစားသောက်ကုန်နှင့် ဆေးဝါးစျေးနှုန်းမြင့်တက်ခြင်း၊ စျေးကစားခြင်းနှင့် စျေးကွက်အတွင်း ပစ္စည်းပြတ်လပ်ခြင်းများ မဖြစ်ပေါ်စေရေး ကြိုတင်စီမံ ဆောင်ရွက်ထားရန်လည်း လိုအပ်ကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၊ နိုင်ငံခြားသုံးငွေကြေးကြပ်မှုကော်မတီ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ ရွှေနှင့် ငွေကြေးစျေးကွက်စောင့်ကြည့် ထိန်းသိမ်းကြပ်မတ်ရေး လုပ်ငန်းကော်မတီ၊ စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီနှင့် သက်ဆိုင်ရာ အစိုးရဌာန/ အဖွဲ့အစည်းများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အောက်ရှိ သက်ဆိုင်ရာညီနောင်အသင်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အထွေထွေကုန်စည်စျေးနှုန်း မြင့်တက်လာပါက ငွေကြေးဖောင်းပွမှုနှုန်းလည်း မြင့်တက်လာမည်ဖြစ်ကြောင်း။

အခြေခံစားကုန် ထုတ်လုပ်ရာတွင် အဓိကကျသည့် လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့တွင် ထုတ်လုပ်မှုတိုးတက်လာစေရန်အတွက် လိုအပ်သည့် ပံ့ပိုးမှုများပေးခြင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို အားပေးခြင်း စသည့် စည်းရုံးရေးနှင့် စီးပွားရေးနည်းလမ်းများဖြင့် ဆွဲဆောင်မှုပေးရန် လိုအပ်ကြောင်း၊ လက်ရှိဆန်စျေး၊ စားအုန်းဆီစျေးနှုန်းများ မြင့်တက်နေခြင်းကို စနစ်တကျ စိစစ်သုံးသပ်လေ့လာပြီး ထိထိရောက်ရောက် စီမံကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ကုန်စျေးနှုန်းတည်ငြိမ်အောင် တာဝန်ရှိပုဂ္ဂိုလ်များအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကုန်စျေးနှုန်း တည်ငြိမ်ရေးအတွက် ယခင်ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက မိမိတို့ဒေသ/ဌာနနှင့် သက်ဆိုင်သည့် ကုန်ပစ္စည်းထုတ်လုပ်မှု တိုးတက်ရေးနှင့် ကုန်စျေးနှုန်းတည်ငြိမ်စေရေး ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်စျေးနှုန်း တည်ငြိမ်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**✻ ရှေ့ဖုံးမှ**

ကျောက်ချောခင်းခြင်းလုပ်ငန်းကို မြဝတီမြို့ မာန်မြင့်ဟိန်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ကျောက်ကြမ်းခင်းခြင်းအား အလျား ပေ ၂၀၀၊ အနံပေ ၃၀၊ ဒုတစ်ပေခင်းခြင်း၊ ကျောက်ကြမ်းပေါ်တွင် ကျောက်ချောခင်းခြင်းလုပ်ငန်းအား အလျားပေ ၃၀၀၊ အနံပေ ၃၀၊ ဒု တစ်ပေ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကော့ကရိတ်မြို့ လမ်းဦးစီးဌာန၏ ပြောကြားချက်အရ သိရသည်။

**၇၀ ရာခိုင်နှုန်းပြီးစီး**

ထို့နောက် အရှည်ပေ ၇၀ ၊ အကျယ် ၁၃ ပေ၊ ရှစ်လက်မရှိ ယာယီဘေလီတံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မြဝတီဘက်ခြင်းမှ စတင်၍ ယာယီဘေလီတံတားဖရိန် တပ်ဆင်ခြင်းနှင့် ကြမ်းခင်းသံပြားခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၂ ရက်အထိ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် မကြာမီကာလတွင် ကုန်စည်ယာဉ်များ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးရှိ ယာယီဘေလီတံတား တည်ဆောက်မည့် တံတားချဉ်းကပ်ဖောက်လုပ်ခြင်းနှင့် ကျောက်ခင်းခြင်းလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး ကော့ကရိတ်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဦးစီးအဖွဲ့က အနီးကပ်လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း၊ မန်းတောင်ခြေဘိုးဘွားရိပ်သာနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနများကို စစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်ဦးကျော်မြင့်နှင့် ဒေါက်တာသန်းမြင့်တို့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့သည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းနှင့် မန်းတောင်ခြေဘိုးဘွားရိပ်သာများသို့ လည်းကောင်း၊ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင်တန်းကျောင်းများအတွင်း လက်ခံစောင့်ရှောက် သင်ကြားပေးလျက်ရှိသော အမျိုးသမီးများအား ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ အိပ်ဆောင်များထားရှိမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရေး၊ လူမှုဘဝရပ်တည်လာစေရန် စိတ်ဓာတ်ခွန်အားများ ထည့်သွင်းပေါင်းစပ်၍ လေ့ကျင့်ပြုစုစောင့်ရှောက်ပေးခြင်းဖြင့် လူ့အသိုင်းအဝိုင်းတွင် တန်ဖိုးရှိသော အမျိုးသမီးများအဖြစ် ရပ်တည်နေထိုင်သွားနိုင်စေရေးနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မန်းတောင်ခြေဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှုနှင့် ဘိုးဘွားအိပ်ဆောင်များနှင့် ဘိုးဘွားများအနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေသုတေသနအဖွဲ့၏ စာတမ်းဖတ်ပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၃**

ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေသုတေသနအဖွဲ့၏ စတုတ္ထအကြိမ် စာတမ်းဖတ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အကျိုးကျေးဇူးများ ရရှိမည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ယခုကဲ့သို့ စာတမ်းဖတ်ပွဲများ ကျင်းပခြင်းဖြင့် ဥပဒေရေးရာဝန်ကြီးဌာန တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်ရုံးများနှင့် ဥပဒေရုံးအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်နေကြသော အရာထမ်းများ ဥပဒေအသိပညာများ တိုးတက်စေခြင်း၊ စာတမ်းဖတ်ပွဲအတွေ့အကြုံများ ရရှိစေခြင်းနှင့် ဥပဒေဗဟုသုတများကို အပြန်အလှန်ဆွေးနွေးဖလှယ်နိုင်ခြင်း၊ ဥပဒေသုတေသနလုပ်ငန်းများ တိုးတက်ကောင်းမွန်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ ယခု စာတမ်းဖတ်ပွဲမှတစ်ဆင့် ဥပဒေအသိပညာများကို အပြန်အလှန် ဆွေးနွေးဖလှယ်ကြခြင်းဖြင့် အတွေ့အကြုံနှင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများကို ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း၊ ရရှိလာသည့် အသိပညာဗဟုသုတများဖြင့် ဌာန အကျိုး ပိုမိုထမ်းရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက ဥပဒေရေးရာဝန်ကြီးဌာန အနေဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ဥပဒေသုတေသန လုပ်ငန်းများဆောင်ရွက်ရေးနှင့် မဟာဗျူဟာ စီမံကိန်းပါ ဥပဒေသုတေသနလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဥပဒေသုတေသနဌာနခွဲဖွဲ့စည်း၍ဥပဒေသုတေသနလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနရှိ ဥပဒေသုတေသနအဖွဲ့များက ၂၀၂၂ ခုနှစ်အတွင်း စာတမ်း ၁၂ စောင်ကို ရေးသားပြုစုနိုင်ခဲ့ကြောင်း၊ ရေးသားပြုစုခဲ့သည့် စာတမ်းများကို လုပ်ငန်းအဖွဲ့ခေါင်းဆောင်ဖွဲ့က လစဉ် အလှည့်ကျ ဖတ်ကြားခဲ့ရာ ယခုစာတမ်းဖတ်ပွဲသည် စတုတ္ထအကြိမ်မြောက် ဖြစ်ကြောင်း၊ နောက်နောင်တွင်လည်း အရည်အသွေးပြည့်မီသောစာတမ်းများ ရရှိနိုင်ရေးအတွက် ယခုထက်ပို၍ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**စာတမ်းဖတ်ကြား**

ယနေ့စာတမ်းဖတ်ပွဲတွင် ဥပဒေသုတေသနလုပ်ငန်းအဖွဲ့ ၆ က "အီလက်ထရောနစ်နည်းဖြင့် ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ခြင်းတွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ကာကွယ်ပေးခြင်းနှင့် စပ်လျဉ်း၍ ဥပဒေရှုထောင့်မှ လေ့လာတင်ပြခြင်း" ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားကြသည်။

စာတမ်းဖတ်ပွဲသို့ ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးများမှ အရာထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၄၄) ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေးအကြို အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသည့် (၄၄) ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးအကြို အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၂၂ ရက်မှ ၂၃ ရက်အထိ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိများ ၊ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ၏ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

(၄၄) ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးအကြို အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန မူဝါဒနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Dr. Thetsaka Saphangthong က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးတွင် အကြိမ်(၄၀) မြောက်နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ၊ (၂၉)ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ ညှိနှိုင်းအစည်းအဝေးနှင့် (၄၂) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးမှ ရလဒ်များနှင့် လမ်းညွှန်ချက်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ကိုယ်စားလှယ်က ဆွေးနွေးတင်ပြသည်။

ထို့နောက် ၂၀၂၃ ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် အရေးကြီးလုပ်ငန်း ၁၆ ခုနှင့် ၂၀၂၄ ခုနှစ်တွင်အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုလိုသည့် အရေးကြီးလုပ်ငန်းခေါင်းစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် အာဆီယံ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍအောက်ရှိ လုပ်ငန်းအဖွဲ့များမှ ၂၀၂၃ ခုနှစ်အတွင်း ကျင်းပခဲ့သော အစည်းအဝေးများ၊ ဆွေးနွေးပွဲရလဒ်များနှင့် လုပ်ငန်း အကောင်အထည် ဖော်နိုင်မှုများကို ဆွေးနွေးတင်ပြကြပြီး အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွေးနွေးဖက်နိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အာဆီယံနှင့် အရှေ့အာရှနိုင်ငံများဆိုင်ရာ သုတေသနဌာနနှင့် Grow Asia တို့က ၎င်းတို့နှင့်ပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။




ဆက်လက်၍ (၂၂)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိများ အထူးအစည်းအဝေးတွင် သဘာပတိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများက ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများအကြား စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ အာဆီယံအပေါင်းသုံး အရေးပေါ် ဆန်အရန်ရိက္ခာထားရှိရေးနှင့် အာဆီယံစားရေရိက္ခာ ဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်စနစ်တို့နှင့်စပ်လျဉ်းသည့် ဖြစ်ပေါ်တိုးတက်မှုများကို ညှိနှိုင်းဆွေးနွေးကြသည်။

(၈)ကြိမ်မြောက် အာဆီယံ-ရုရှား လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးတွင် အာဆီယံနှင့် ရုရှားနိုင်ငံတို့အကြား စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဗဟိုလေ့ကျင့်ရေးကျောင်း၌ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၏ ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းဝင်းအတွင်းရှိ သတ်မှတ်နေရာ၌ ကျင်းပသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး သတ်မှတ်နေရာများ၌ ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးကြသည်။

ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း အနေဖြင့် ယခုနှစ်တွင် နှစ်ရှည်သီးနှံပင်များဖြစ်သော ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်စသည့် ပျိုးပင်ပေါင်း ၂၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd မှ တင်သွင်းလာသော Dongfeng Honda ENS1 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၃ စီးနှင့် Chin Dwin Shan Construction Co., Ltd မှ တင်သွင်းလာသော BYD Tang အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၈ စီး စုစုပေါင်း လျှပ်စစ်သုံးမော်တော်ယာဉ် ၃၁ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဦးလှမိုး ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြား



နေပြည်တော် ဩဂုတ် ၂၃

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကော်မတီအနေဖြင့် မိုးစပါးစိုက်ရာသီအတွက် သွင်းအားစုလိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းအားဖြန့်ဖြူးရောင်းချပေးပြီးဖြစ်၍ ကျန်ရှိနေသော ၃၀ ရာခိုင်နှုန်းကို အချိန်မီဖြန့်ဖြူးပေးနိုင်ရေး သမဝါယမအသင်းများနှင့် သွင်းအားစုကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ပြီး ဌာနဆိုင်ရာများက ကြီးကြပ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံကိန်းအတွက် ရန်ကုန်အထိုင်ဈေးနှုန်းများ သတ်မှတ်ရောင်းချပေးလျက်ရှိပြီး ပုံမှန်ဈေးနှုန်းများကိုလည်း ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် မိုးစပါးစီမံကိန်းများတွင် ဦးဆောင်ကော်မတီက သတ်မှတ်ပေးထားသည့် ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချပေးရန်နှင့် ယူရီးယားမြေဩဇာနှင့် ကွန်ပေါင်း (၁၅ ပတ်လည်) တို့အပြင် အခြားကွန်ပေါင်း ဓာတ်မြေဩဇာများကိုပါ တောင်သူများ ဝယ်ယူသုံးစွဲနေသည်ကို သိရသည့်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သုံးစွဲမည်ဆိုပါက သက်ဆိုင်ရာဒေသအလိုက် ပေါက်ဈေးနှုန်းပေါ် အခြေခံပြီး တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က နိုင်ငံခြားငွေလဲလှယ်အသုံးပြုရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းချက်များ လိုက်နာဆောင်ရွက်ရေးနှင့် တောင်သူများ သက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်မည့် မြေဩဇာပေါက်ဈေးများ ဖြစ်စေရေးကိုလည်းကောင်း၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် အခက်အခဲများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ လုပ်ငန်းအခက်အခဲများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာသို့ သွားရောက်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက် သမဝါယမအသင်းသားတောင်သူများနှင့် တွေ့ဆုံပြီး အသင်းသားတောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် နွယ်ရစ်ကျေးရွာချင်းဆက်လမ်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် နွယ်ရစ်ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးပါက အိမ်ခြေ ၇၆၅ အိမ်၊ လူဦးရေ ၃၁၇၈ ဦးတို့၏ စိုက်ပျိုးမြေ ၁၂၆၅ ဧကအတွက် အကျိုးပြုနိုင်မည်ဖြစ်ပြီး ကျန်ရှိနေသည့် လမ်းအပိုင်းကို နောင်ဘဏ္ဍာနှစ်များတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာသို့ သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိုက်ပျိုးမြေဧက ၂၀၀ အတွက် တစ်နာရီလျှင် ရေဂါလန် ၁၁၀၀၀ ရရှိနိုင်မည့် ဆိုလာစနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားကျန်းမာရေးအသုံးစရိတ်ဆိုင်ရာ အချက်အလက်များ ဆန်းစစ်သုံးသပ်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဩဂုတ် ၂၃

၂၀၁၉-၂၀၂၂ ခုနှစ်များအတွက် အမျိုးသားကျန်းမာရေး အသုံးစရိတ် (National Health Account) ဆိုင်ရာ အချက်အလက်များ ဆန်းစစ်သုံးသပ်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ယခုဆောင်ရွက်လျက်ရှိသော အမျိုးသားကျန်းမာရေး အသုံးစရိတ်စစ်တမ်းများမှ အချက်အလက်များကို ဆန်းစစ်သုံးသပ်၍ လိုအပ်သောနေရာများတွင် ဘဏ္ဍာငွေခွဲဝေချထားခြင်းများ စနစ်တကျဆောင်ရွက်နိုင်မည့်အပြင် ပြည်သူများ ကိုယ်ပိုင်ငွေကြေးစိုက်ထုတ်၍ ဆေးကုသရခြင်း အခြေအနေများ လျှော့ချရန်အတွက် ရှင်းလင်းတိကျသည့် ကျန်းမာရေးဘဏ္ဍာဆိုင်ရာ မဟာဗျူဟာများကိုလည်း အမြန်ဆုံးဖော်ထုတ် အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ တိကျမှန်ကန်သော ကျန်းမာရေး အသုံးစရိတ်များကောက်ခံ ရရှိနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများနှင့် မြို့တော် စည်ပင်သာယာရေးကော်မတီများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ သတင်းစဉ်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၆၇၇ ခုစစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၃-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၂-၈-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၂၃-၈-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၆၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃ ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**



# ကျိုက်ထိုမြို့နယ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်းသည့် အသိပညာပေး ရှင်းလင်းပွဲကျင်းပ

ကျိုက်ထို ဩဂုတ် ၂၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးက အဖွင့်အမှာစကား ပြောကြားပြီး မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချိုက အခွန်ပေးဆောင်ရခြင်း၏ ရည်ရွယ်ချက်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကျင့်သုံးနေသောဥပဒေများ၊ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ စားသောက်ဆိုင်၊ ဟိုတယ်/တည်းခိုခန်း၊ ရုပ်သံလွှင့်မီဒီယာ၊ ရွှေထည်လက်ဝတ်ရတနာ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းစသည့် လုပ်ငန်းရှင်များအား ပြေစာထုတ်ပေးခြင်းနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်မှုကို ဒဏ်ငွေတပ်ရိုက်ခြင်း၊ တိုင်ကြားခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အခွန်ထမ်းလုပ်ငန်းရှင်များက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မာရဝိဇယမြတ်ဗုဒ္ဓ သက္ကာယချီရှိဦးခိုက် ကြည်ညိုဖွယ်ပ ဆင်ယင်ကြ ဗုဒ္ဓအနုပညာသိုက်

တက္ကသိုလ်မြတ်သူ



(ယမန်နေ့မှအဆက်)

ဗုဒ္ဓဥယျာဉ်တော်အတွင်း ဥတုရာသီအလိုက် ပြောင်းလဲနေသောကောင်းကင်ကို နောက်ခံပြုပြီး စံပယ်လျက်ရှိသော မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသည် ကြည်ညိုသပ္ပာယ်လှသည်။ ဘုရားဖူးရာဂဏန်း၊ ထောင်ဂဏန်းအတွက် နေရာပေးနိုင်သော ရင်ပြင်တော်မှအစ ထည်ထည်ဝါဝါရှိလှသည်။ ရုပ်ပွားတော်ကြီးမျက်နှာမူရာ (ရှေ့တူရူ) ၌ ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်သုံးပုံများကို ကျောက်ထက်အက္ခရာ ပါဠိဘာသာမျှသာမက Romanize အင်္ဂလိပ်အက္ခရာစလုံးများနှင့်ပါ ဘာသာပြန်ဆိုထွင်းထုထားသော ကျောက်စာချပ်ကြီးများအား ကျောက်စာရုံစေတီအဆူ ၇၂၀ တွင် တွေ့ရသည်။ ကွန်ပျူတာနည်းပညာသုံး စက်ထွင်းစာလုံးများဖြစ်၍ သပ်ရပ်သည်။ ကျောက်စာရုံစေတီများ၏ရှေ့ဦးတွင် မော်ကွန်းကျောက်စာပါ ကျောက်စာရုံစေတီကြီးတစ်ဆူရှိသည်။ စကျင်ကျောက်ပြားများကို ရင်ပြင်တော်ပေါ်၌ ခင်းခဲ့သည်။

**မြန်မာမှုလက်ရာများဖြင့် ဆင်ယင်ခြယ်သ**

ဗုဒ္ဓဥယျာဉ်တော်၏ နံရံတံတိုင်းများ လှေကားအရံများ၊ သုဓမ္မာဇရပ်များအပါအဝင် အားလုံးကုန်သော တည်ဆောက်မှုများတွင် မြန်မာမှုလက်ရာများဖြင့် ဆင်ယင်ခြယ်သထားသည်။ ဗုဒ္ဓရုပ်ပွားတော်မာရဝိဇယကိုတည်ရာ၌သဘာဝဘေးအန္တရာယ်ဒဏ်ကြံ့ကြံ့ခံနိုင်ရန် ကြိုတင်တွက်ဆစီမံထားသည်။ တစ်နာရီလျှင် မိုင် ၁၂၀ နှုန်း တိုက်ခတ်သောလေမုန်တိုင်းများ၊ မြန်မာနိုင်ငံ၌ အပြင်းထန်ဆုံးငလျင်လှုပ်နှုန်းဖြစ်သော ရစ်ချ်စတာစကေး ၈ ဒသမ ၈ အထိ ခံနိုင်အောင် ကြိုတွက်စီမံထားသည်။ မာရဝိဇယကျောင်းတော်၊ မုစလိန္ဒအိုင်တို့၌လည်း အနုပညာလက်ရာမြောက်စွာ တည်ဆောက်ထားသည်။ သံဃာတော် အပါး ၉၀၀၊ လူပရိသတ် ၁၂၀၀ ဆံ့သော သာသနဗိမာန် အဂ္ဂါမိပတိဝိသုံဂါမသိမ်တော်ကြီးကိုလည်း အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၃ ပေဖြင့် မြန်မာမှုအနုပညာယွန်းပန်းချီ၊ ရွှေရေးပန်းချီများဖြင့် အဆန်းတကြယ်ဆောက်လုပ်ထားသည်ကို တွေ့ရသည်။ သက်ကြီးရွယ်အိုများ ဘုရားဖူးလာလျှင် အလွယ်တကူ ဘုရားရင်ပြင်တော်ပေါ်တက်ရန် စက်လှေကားပါ ထည့်သွင်းတည်ဆောက်ထားသည်။ ကျယ်ဝန်းလှသောရင်ပြင်တစ်လျှောက် သက်ကြီးဘုရားဖူးများလှည့်ပတ်ဖူးမြော်နိုင်ရန် မော်တော်ယာဉ်များ စီစဉ်ထားသည်ကိုလည်း တွေ့ရသည်။ ရေပန်းများ၊ မီးတိုင်များမှအစ အဆန်းတကြယ် ဆင်ယင်တည်ဆောက်ထားပေသည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဦးဆောင်ဘုရားဒါယကာကြီးမှူးပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်အား ပြည်ပမှကြွရောက်သော အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ထေရ်ရှင်ထေရ်မြတ်များ၊ မြန်မာနိုင်ငံမှ ဆရာတော်၊ သံဃာတော်အပါး ၉၀၀ တို့က အနေကဇာတင်ကြသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် တည်ဆောက်အောင်မြင်ပြီးစီးခြင်းအခမ်းအနားဖြစ်သည်။ သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာဟူသည့် ဝိသေသလေးမျိုးစုံသော ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့တွင် ကျင်းပခြင်းဖြစ်သည်။

အနေကဇာတင်ရာ၌ ဆရာတော်၊ သံဃာတော်များက သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားသိမြင်ဘုရားရှင်ဧကန်စင်စစ်ဖြစ်သည်။ ဗုဒ္ဓကပထမဆုံးမြွက်ဟခဲ့သော ပဌမဗုဒ္ဓဝစန ရှေးဦးဆုံးသောဗုဒ္ဓ၏နှုတ်ထွက်စကားဖြစ်သည်။

> ❛ မြန်မာစကားရပ်များတွင် “အကြံတူ နောက်လူ သာစမြဲ” ဟူသောစကားရှိပေသည်။ မြန်မာပညာရှင်များ၏ အရည်အချင်းအစွမ်းအစ၊ ဘုရားဒါယကာ၊ ဒါယိကာမများ၏ သဒ္ဓါစွမ်းအား၊ ဩဝါဒါစရိယဆရာတော်ကြီးများ၏ အနီးကပ်ကြီးကြပ်သွန်သင်လမ်းညွှန်မှု၊ ဦးဆောင်ဘုရားဒါယကာမိသားစုနှင့် နစကအစိုးရအဖွဲ့ဝင်များ၊ တပ်မတော်၊ စေတနာရှင်ပြည်သူများ ပံ့အောဆောင်ရွက်ခဲ့သဖြင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသည် စကျင်ကျောက်တော်ကြီး ဘုရားဆင်းတုတော်များတွင် ဉာဏ်တော်အမြင့်ဆုံး၊ ဗုဒ္ဓဥယျာဉ်တော်တစ်ခုလုံးသည် ကြီးကျယ်ဆန်းပြားခမ်းနားထည်ဝါသည့် အနုပညာရပ်များဖြင့် ဆင်ယင်ခြယ်သမှု (အလင်္ကာရ) ကြီးကျယ်ဆုံးဖြစ်၍ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးသည် ကမ္ဘာပေါ်တွင် ခေတ်အမီဆုံး၊ ဆန်းသစ်ဆုံး၊ အနုပညာခြယ်မှုန်းမှု ထည်ဝါဆုံးသော “ဗုဒ္ဓအနုပညာရတနာသိုက်ကြီး” ဖြစ် ❜

**အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။**
**ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။**
**ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။**
**သဗ္ဗာတေဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။**
**ဝိသင်္ခါရဂတံစိတ္တံ၊ တဏှာနံခယ’မဇ္ဈဂါ။**

လေ့လာမိသရွေ့ အနက်အဓိပ္ပာယ်ကား –

“ဂဟကာရံ၊ အတ္တဘောတည်းဟူသော ခန္ဓာကို ဆောက်လုပ်ပြုပြင်စီရင်တတ်သော တဏှာယောကျ်ားလက်သမားကို၊ ဂဝေသန္တော၊ ဉာဏ်ဖြင့်မျှော်၍ ရှာဖွေသော ငါသည်၊ တံဒသဿနံ၊ ထိုတဏှာယောကျ်ားလက်သမားကို မြင်နိုင်စွမ်းသော၊ ဉာဏံ၊ သဗ္ဗညုတဉာဏ်ကို၊ အနေကဇာတိ သံသာရံ၊ များစွာသော ဘဝအသိန်းမကအရေအတွက်ရှိသော သံသရာကာလပတ်လုံး၊ အနိဗ္ဗိသံအဝိန္ဒန္တောယေဝ၊ မရသည်ဖြစ်၍သာလျှင်၊ သန္ဓာဝိဿံသံသာရိ၊ ထိုဘဝ ဤဘဝ ကျင်လည်ခဲ့ရလေပြီ၊ ပုနပ္ပုနံ၊ အဖန်တလဲလဲ၊ ဇာတိ၊ ပဋိသန္ဓေနေရခြင်း ဖြစ်သည်၊ ဒုက္ခာ၊ ဇရာ၊ ဗျာဝိ၊ မရဏတို့နှင့် ရောသည်၏အဖြစ်ကြောင့် ဆင်းရဲ၏။ ဂဟကာရက၊ အတ္တဘောတည်းဟူသော၊ ခန္ဓာအိမ်ကို ဆောက်လုပ်ပြုပြင်စီရင်တတ်သော တဏှာယောကျ်ား ဟယ်လက်သမား၊ တွံ၊ သင့်ကို၊ ဣဒါနိ၊ ယခုအခါ၌၊ တံဒသဿနံ၊ ထိုတဏှာယောကျ်ား လက်သမားကို မြင်စွမ်းနိုင်သော၊ ဉာဏံ၊ သဗ္ဗညုတဉာဏ်ကို၊ ပဋိဝိဇ္ဈန္တေန၊ ထိုးထွင်း၍သိတတ်သော၊ မယာ၊ ငါသည်၊ ဒိဋ္ဌော၊ မြင်အပ်သည်၊ အသိ၊ ဖြစ်၏။ ဂေဟံ၊ အတ္တလောဘတည်းဟူသော ငါ၏ ခန္ဓာအိမ်ကို၊ ပုန၊ တစ်ဖန်၊ နကာဟသိ၊ မပြုမဆောက်လုပ်ရလတ္တံ့၊ တေ၊ သင်တဏှာယောကျ်ား လက်သမား၏၊ သဗ္ဗာ၊ ခပ်သိမ်းကုန်သော၊ ဖာသုကာ၊ အဝိဇ္ဇာမှ ကြွင်းသောကိလေသာတည်းဟူသော အမိုက်မှောင်တို့ကို၊ မယာ၊ ငါသည်၊ ဘဂ္ဂါ၊ ချိုးဖွဲ့ဖျက်ဆီးအပ်ကုန်ပြီ၊ ဂဟကူဋံ၊ သင်ပြုအပ်သော ခန္ဓာအိမ်၏ အဝိဇ္ဇာတည်းဟူသောအထွတ်ကို၊ ဝိသင်္ခတံ၊ ငါဖျက်ဆီးအပ်ပြီ။ မမ၊ ငါ၏၊ စိတ္တံ၊ စိတ်သည်၊ ဝိသင်္ခါရဂတံ၊ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်ပြီ၊ အဟန္တ၊ ငါသည်လည်း၊ တဏှာနံ၊ သင်တဏှာတို့၊ ခယံ၊ ကုန်ရာကုန်ကြောင်းဖြစ်သော၊ အရဟတ္တဖိုလ်သို့၊ အဇ္ဈဂါ၊ ရောက်ပြီ။

ဗုဒ္ဓမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ဖြင့် ဘဝတစ်ဖန်ပြန်ဖြစ်စေသော သံသရာချားရဟတ်မှ လွတ်မြောက်ပြီဟူ၍ ဥဒါန်းကျူးရင့်တော်မူပေသည်။ ဗုဒ္ဓအား ရည်မှန်းပူဇော်ရန် တည်ထားထုလုပ်သော စေတီတော်၊ ရုပ်ပွားတော်များကို ဗုဒ္ဓ၏ ပဌမ ဝစနာ ပထမဦးဆုံးဥဒါန်းကျူးတရားကို သံဃာတော်များက ရွတ်ဆိုပူဇော်ပေးကြခြင်းဖြင့် ရုပ်တုရုပ်ပွား၊ ဘုရားပုထိုးများကို ဗုဒ္ဓကိုယ်တော်ရှင်အား ဖူးမြော်ရဘိသို့ ရှိကြစေရန် အနေကဇာတင်ကြခြင်းဖြစ်ပေသည်။

**ရည်ရွယ်ချက်လေးရပ်ဖြင့် ဆောင်ရွက်**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဗုဒ္ဓဥယျာဉ်ကို တည်ထားရသောရည်ရွယ်ချက်ရင်းကို ဦးဆောင်ဘုရားဒါယကာ နစကဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အခက်အခဲများစွာကို ကျော်ဖြတ်ပြီး မိမိတို့တည်ထား ထုလုပ်ပူဇော်ခဲ့ရခြင်းမှာ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းတောက်လျက်ရှိမှုအား ကမ္ဘာကိုပြရန်၊ မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် ဟူသည့်ရည်ရွယ်ချက်လေးရပ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း နိုင်ငံသိ၊ ကမ္ဘာသိ ပြောကြားကြေညာထားပေသည်။ ကောင်းမြတ်သောရည်ရွယ်ချက်များဖြစ်၍ ဧကန်မုချ ထိုရည်ရွယ်ချက်အားလုံး ထမြောက်အောင်မြင်မည်ဟု ပြည်သူတို့က ယုံကြည်ထားကြပါသည်။

ဗုဒ္ဓ၏ နိဗ္ဗာန်ရောက်ကြောင်းလမ်းညွှန်တရားများကို လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀ ကျော် ၂၆၀၀ နီးပါးခန့်ကတည်းက ယုံကြည်သက်ဝင်ကိုးကွယ်ခဲ့ကြသည်။ ယနေ့မြန်မာနှင့် အာရှနိုင်ငံများသာမက ဥရောပနိုင်ငံများ၊ အမေရိကတိုက်နိုင်ငံများ၊ အာဖရိကတိုက်နိုင်ငံများတွင် ဗုဒ္ဓဘာသာကိုးကွယ်သောလူဦးရေမှာ သန်းပေါင်းတစ်ထောင်ကျော်ရှိနေပေပြီ။ မြတ်ဗုဒ္ဓ၏ မြတ်ဒေသနာ၊ မြတ်တရားတို့ကို ယုံကြည်ခံယူထားကြသော ဗုဒ္ဓဘာသာဝင်များစွာတွင် ပန်းချီ၊ ပန်းပု၊ ပန်းထိမ်၊ ပန်းပဲ၊ ပန်းရန်၊ ပန်းတော့၊ ပန်းတမော့၊ ပန်းပွတ်၊ ပန်းယွန်း၊ ပန်းတဉ်း စသည့်ပန်းဆယ်မျိုးအနုပညာရပ်များကို ပါရမီခံတတ်ခံဖြင့် ကျွမ်းကျင်သူအမြောက်အမြား ရှိပေသည်။

စာမျက်နှာ ၇ သို့ ✻

❃ စာမျက်နှာ ၆ မှ
ပုဂံခေတ်စေတီပုထိုး၊ ဘုရားဂူကျောင်းများတွင် ယင်းပန်းပညာရပ် ၁၀ မျိုး တည်ဆောက်မှု ဗိသုကာပညာများ ပေါင်းစပ်ဆောင်ရွက်ခဲ့ကြသည်ကို ယနေ့တိုင်တွေ့မြင်နိုင်ကြသည်။

**အာဂျန္တာလိုဏ်ဂူ ဒေသဗုဒ္ဓအနုပညာရတနာသိုက်**

ဗုဒ္ဓဘာသာထွန်းကားခဲ့သော နိုင်ငံများတွင်လည်း ဗုဒ္ဓသာသနိကအဆောက်အအုံများကို အနုပညာအလင်္ကာရနည်းများဖြင့် တန်ဆာဆင်ခြယ်မှုန်းတည်ထားခဲ့ကြသဖြင့် ဗုဒ္ဓအနုပညာရပ်များ တစ်နေရာတည်း တစုတဝေးတွေ့မြင်ရသောနေရာများ၌ ဗုဒ္ဓအနုပညာရတနာသိုက်များ ရှိနေပေသည်။ ထင်ရှားသောသာဓကဆောင်ရပါမူ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၊ ဂယာအရပ်၊ ရှေးက ဂန္ဓာရတိုင်း၊ အမရဝတီ၊ မထူရဒေသတို့တွင် ဗုဒ္ဓရုပ်ပွားဆင်းတုများကို အနုပညာရပ်များဖြင့် ပေါင်းစပ်ထုလုပ်ပူဇော်ခဲ့ကြရာ ဂန္ဓာရဗုဒ္ဓ အနုပညာရတနာသိုက်၊ မထူရဗုဒ္ဓအနုပညာ ရတနာသိုက်၊ အမရဝတီဗုဒ္ဓအနုပညာရတနာသိုက်၊ ဘုံဘေ (ယခု မွမ်ဘိုင်း) မြို့၏ အရှေ့တောင်ဘက်မှ ဒယ်အိုးပုံချိုင့်ဝှမ်း တစ်ခု၏ ပတ်ပတ်လည်ကျောက်ဆောင်နံရံများကို ထွင်းကာ အနုပညာလက်ရာမြောက်လှသော ဘုရားဝတ်ပြုဆောင် ဂူငါးလုံး၊ သံဃာတော်များ သီတင်းသုံးသည့် ဝိဟာရဂူ ၂၅ ဂူကို ခမ်းနားစွာတွေ့နိုင်ပေသည်။ ထိုရတနာသိုက်ကို အာဂျန္တာလိုဏ်ဂူ ဒေသဗုဒ္ဓအနုပညာရတနာသိုက်ဟု တွင်လေသည်။

တိဘက်ဒေသ တရုတ်ပြည်မှ ပိုးလမ်းမတစ်လျှောက် တုံဟွမ်ကျောက်ဂူတန်းကြီးတွင် ကျောက်တောင်တစ်ခုလုံးကို ထွင်းထုထားသော ဗုဒ္ဓဆင်းတုတော်ကြီးများ၊ ဆင်းတုတော်အရွယ်စုံ၊ နံရံဆေးရေးပန်းချီ ဗုဒ္ဓဝင်ဇာတ်နိပါတ်များ တစီတတန်းတွေ့ရသည်။ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းတို့တွင်လည်း ဗုဒ္ဓအနုပညာရတနာသိုက်ဟု ဆိုရမည့်နေရာများရှိနေခဲ့သည်။ ကမ္ဘောဒီးယားမှ အန်ကောဝပ်၊ အင်ဒိုနီးရှားမှ ဗောရိုးဗုဒ္ဓစေတီတော်များသည်လည်း ပန်းပညာရပ်များ၊ ဗိသုကာပညာရပ်များဖြင့် တည်ထားသောဘုရား ပုထိုးစေတီများကို တွေ့ရပေမည်။ သီရိလင်္ကာ၊ မြန်မာနိုင်ငံတွင်လည်း မန္တလေး၊ စစ်ကိုင်း၊ မင်းဘူး၊ ကျိုက်ထို၊ ရခိုင်ပြည်နယ် မြောက်ဦး၊ ပုဂံညောင်ဦးနှင့် ရွှေတိဂုံစေတီတော်ကြီးသည် ဗုဒ္ဓအနုပညာရပ်များ လေ့လာ၍မကုန်နိုင်အောင် ကြွယ်ဝသော ဗုဒ္ဓအနုပညာရတနာသိုက်များဖြစ်လေသည်။


အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၏အရှေ့တောင်ဘက်ရှိ အာဂျန္တာလိုဏ်ဂူ ဒေသဗုဒ္ဓအနုပညာရတနာသိုက်ကို တွေ့ရစဉ်။

**တခမ်းတနား တည်ဆောက်ဆင်ယင်ခြယ်မှုန်း**

နေပြည်တော် ဒက္ခိဏသီရိဗုဒ္ဓဥယျာဉ်တော်ကုန်းမြေမှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ကျောက်စာရုံစေတီများ၊ ပဋ္ဌာန်းဒေသနာတော်မှ ဟေတုပစ္စယောအစချီ ၂၄ ပစ္စည်းအား ရည်စူးကာ ဂန္ဓကုဋိတိုက်၂၄ ဆောင် ဆောက်လုပ်ထားခြင်း၊ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနိကအဆောက်အအုံမှန်သမျှ ရင်ပြင်တော်၊ ရေပန်းများ၊ နံရံတံတိုင်းများ၊ မုခ်ဝများမှအစ နေရာတိုင်းတွင် ပန်းဆယ်မျိုး အနုပညာလက်ရာများ၊ ဗိသုကာပညာရပ်များကို တခမ်းတနား တည်ဆောက်ဆင်ယင်ခြယ်မှုန်းထားပေသည်။

မြန်မာစကားရပ်များတွင် "အကြံတူ နောက်လူသာစမြဲ" ဟူသောစကားရှိပေသည်။ မြန်မာပညာရှင်များ၏ အရည်အချင်းအစွမ်းအစ၊ ဘုရားဒါယကာ၊ ဒါယိကာမများ၏ သဒ္ဓါစွမ်းအား၊ ဩဝါဒါစရိယဆရာတော်ကြီးများ၏ အနီးကပ်ကြီးကြပ်သွန်သင်လမ်းညွှန်မှု၊ ဦးဆောင်ဘုရားဒါယကာမိသားစုနှင့် နစကအစိုးရအဖွဲ့ဝင်များ၊ တပ်မတော်၊ စေတနာရှင်ပြည်သူများ ပံ့အောဆောင်ရွက်ခဲ့သဖြင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသည် စကျင်ကျောက်တော်ကြီး ဘုရားဆင်းတုတော်များတွင် ဉာဏ်တော်အမြင့်ဆုံး၊ ဗုဒ္ဓဥယျာဉ်တော်တစ်ခုလုံးသည် ကြီးကျယ်ဆန်းပြား ခမ်းနားထည်ဝါသည့် အနုပညာရပ်များဖြင့် ဆင်ယင်ခြယ်သမှု (အလင်္ကာရ) ကြီးကျယ်ဆုံးဖြစ်၍ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးသည် ကမ္ဘာပေါ်တွင် ခေတ်အမီဆုံး၊ ဆန်းသစ်ဆုံး၊ အနုပညာခြယ်မှုန်းမှု ထည်ဝါဆုံးသော "ဗုဒ္ဓအနုပညာရတနာသိုက်ကြီး" ဖြစ်သည်ဟု ဤစာရေးသူက မှတ်ယူပူဇော်လိုက်ပါသည်။

ဗုဒ္ဓအနုပညာဟူသည် ဗုဒ္ဓကို ကြည်ညိုလွန်းပြီး မိမိတို့၏အနုပညာရပ်များကို ပံ့အောသွန်းလောင်းထည့်သဖြင့် ဗုဒ္ဓရုပ်ပွားတော်ဘုရားစေတီများမှာ ပို၍သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်လာသည်။ ထိုသို့ အနုပညာထုံမွမ်းသော ဗုဒ္ဓရုပ်ပွားစေတီတော်များ၏ လက်ရာကောင်းလွန်းမှုကြောင့်လည်း ဗုဒ္ဓသာသနာတော်ကို ပို၍ထွန်းတောက်လာစေသည်။

မာရဝိဇယ - ဗုဒ္ဓရှင်တော်
နိဗ္ဗာန်ရည်စူး - ရှိဦးပူဇော်၊
သဒ္ဓါတရား - အပြည့်ထားကော်ရော်၊
ဦးခိုက်ကြ - ဖူးလိုက်ကြစေသောဝ်။ ။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ICRC မှ ရခိုင်ပြည်နယ်ရုံးခွဲတာဝန်ခံနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**စစ်တွေ ဩဂုတ် ၂၃**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့်အတူ ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ICRC မှရခိုင်ပြည်နယ်ရုံးခွဲတာဝန်ခံ Mr. Yannis KHEMIRI နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေမှုများ၊ သန့်ရှင်းသောရေရရှိရေး ဆောင်ရွက်နေမှုများ၊ မိုခါမုန်တိုင်းအလွန်ကာလ မျိုးစပါးများထောက်ပံ့ပေးခဲ့မှုနှင့် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရန်မျိုးစေ့များ ဖြန့်ဝေပေးမည့် အစီအမံများ၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး သင်တန်းများ ပို့ချပေးမည့်အစီအမံများ၊ ရခိုင်ပြည်နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် ခရီးသွားလာခွင့်ရရှိရေး စသည့် ကိစ္စများနှင့်စပ်လျဉ်း၍ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့သွားရောက်၍ ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ကူညီခဲ့ကြပြီး စစ်တွေမြို့မှ ပြန်လည်ထွက်ခွာကြမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအားတွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးကျင်းပသော တက္ကသိုလ်ပေါင်းစုံ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြကာ ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်ပေါင်းစုံကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး တက္ကသိုလ်များမှ အနုပညာအသင်းများအတွက် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# မြန်အောင်မြို့နယ်၌ မိုးနေကြာစိုက်ပျိုးရေး တောင်သူနည်းပညာပေးသင်တန်း ဖွင့်လှစ်

**မြန်အောင် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးနေကြာဖြစ်ထွန်းအောင်မြင်စွာ စိုက်ပျိုးနိုင်ရေး တောင်သူနည်းပညာပေးသင်တန်းကို ယမန်နေ့နံနက်ပိုင်းက မြန်အောင်မြို့နယ် ပညာရေးမှူးရုံး ပညာရတနာခန်းမတွင် ကျင်းပသည်။

ဦးစွာ မိုးနေကြာစိုက်ပျိုးရေးတောင်သူနည်းပညာပေးသင်တန်းတွင် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်က သင်တန်းသားများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(ရုံးချုပ်)မှ ကျွမ်းကျင်သောစိုက်/ပညာရှင်များလာရောက်သင်ကြားပေးသော မိုးနေကြာစိုက်ပျိုးနည်းပညာများအတိုင်း စိုက်ပျိုးကြရန် တိုက်တွန်းပြောကြားခဲ့ပြီး မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်စိုး၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကြီးကြပ်မှုလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံ၍ မြန်အောင်ခရိုင်အတွင်း၂၀၂၃ - ၂၀၂၄ ခုနှစ် မိုးနေကြာလျာထားဧက ၆၀၀၀ ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

သင်တန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(ရုံးချုပ်) နေပြည်တော် သုတေသနအရာရှိ ဒေါက်တာ ဒေါ်နန်းပပဝင်းက နေကြာမျိုးမွေးမြူခြင်းနှင့် မျိုးသန့်ထိန်းသိမ်းခြင်းအကြောင်းအရာများ၊စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနစိတ် (ရုံးချုပ်) နေပြည်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြိုင်က နေကြာပန်းတိုင်အထွက်နှုန်းရရှိရေး နည်းလမ်းများကို ပို့ချဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော တောင်သူများက သိလိုသည်များ မေးမြန်းရာ သင်တန်းနည်းပြများက ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရ သည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**

# အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေး

**မှော်ဘီ ဩဂုတ် ၂၃**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ မှော်ဘီ၊ မြောင်းတကာ စက်မှုဇုန်ရှိ Wan He Garment မှ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် ခန္ဓာကိုယ် အောက်ပိုင်းသေရောဂါ ရရှိခဲ့သော အာမခံအလုပ်သမား၏ အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်း အခမ်းအနားကိုမှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးခွဲ၌ ယနေ့မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်း



ပြောကြားပြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Wan He Garment မှ အာမခံ အလုပ်သမား ဦးစောဝလု၏ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် ရရှိသည့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုငွေကျပ် ၆၃၅၀၄၀၀ကို ညီဖြစ်သူ ဦးမင်းဝေကျော်ထံ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် ကွန်ပျူတာအခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနား တက်ရောက်

မုံရွာ ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ဝတ္ထုပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးမှာလည်း အရေးပါသဖြင့် လူငယ်လူရွယ်များ၏ အသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေးနှင့် ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေး ရည်ရွယ်၍ ကွန်ပျူတာအခြေခံသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ လူငယ်လူရွယ်များ အသိပညာ၊ အတတ်ပညာ တိုးပွားကာ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် အထောက်အကူပြုစေမည့် သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားကြရန်နှင့် သင်တန်းနည်းပြများ၏ ပို့ချမှုများအပေါ် သင်တန်းသား သင်တန်းသူများက ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းပြောကြားသည်။




ဆက်လက်ပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက ကွန်ပျူတာအခြေခံသင်တန်းများ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးထံ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန်အတွက် ငွေကျပ် ၆၂၄၅၀၀၀ ကို ထောက်ပံ့ပေးအပ်ပြီး တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက သင်တန်းများဖွင့်လှစ်နိုင်ရေးအတွက် မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးထံ ငွေကျပ် ၇၈၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွန်ပျူတာအခြေခံ သင်ကြားနေမှုနှင့် မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမအတွင်းရှိ ပြခန်းငယ်၊ ကလေးစာဖတ်ခန်းအတွင်း ဆေးရောင်ခြယ်နေမှုနှင့် စာကြည့်တိုက်တို့ကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းများကို မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ကလေး၊ ကသာ၊ ကန့်ဘလူမြို့နယ်တို့ရှိ လူထုအခြေပြု ဗဟိုဌာနတို့၌ တစ်ပြိုင်နက် ဖွင့်လှစ်ကြပြီး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၉၀ တက်ရောက်ကြရာ သင်တန်းကို တစ်လကြာ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ရေး-ထားဝယ်သွားလမ်း၌ မော်တော်ယာဉ်များ သွားလာနိုင်ပြီ

ထားဝယ် ဩဂုတ် ၂၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ ကော့လှိုင်ကျေးရွာရှိ ရေး- ထားဝယ် ပြည်ထောင်စုလမ်းမကြီး



မိုင်တိုင်အမှတ်(၅၁/၈)ဖာလုံကြား၌ ဩဂုတ် ၂၁ ရက်ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေတိုက်စားမှုကြောင့် အရှည် ၁၅ ပေ၊ အကျယ် ၁၈ ပေရှိ သံကူကွန်ကရစ်တံတားလမ်းပိုင်း ပြိုကျပျက်စီးခဲ့သဖြင့် ယာဉ်သွားလာမှုများ ယာယီရပ်ဆိုင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းပိုင်းကို ဩဂုတ် ၂၂ ရက် နံနက် ၇ နာရီက စတင်၍ နေ့ချင်း အမြန်ဆုံးပြီးစီးအောင် ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း ကလိန်အောင်မြို့ လမ်းအထူးအဖွဲ့(၂၃)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားသောသံကူကွန်ကရစ်တံတားလမ်းပိုင်းကို ထားဝယ်မြို့ တံတားတည်ဆောက်ရေးအဖွဲ့(၄) လမ်းအထူးအဖွဲ့(၂၃)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်လင်းက ကြီးကြပ်၍ နေချင်းပြီး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၂ ရက် နံနက် ၁၁ နာရီခွဲတွင် ယာဉ်ကြီး/ယာဉ်ငယ်များ ပြန်လည်ဖြတ်သန်းသွားလာနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ခင်ခင်လှဲ့**



# မိုင်းပန်မြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

မိုင်းပန် ဩဂုတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်ရှိ ရပ်ကွက်များအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးရှိဝန်ထမ်းများက ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းနှင့် Unique iD ထုတ်ပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် အနောက်ရပ်ကွက် မွေတော်ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မိုင်းပန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်များအလိုက် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူစိစစ်ပေးခြင်း၊ အမြန်ဆုံးပြီးစီးနိုင်ရန် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယူဆောင်လာစေပြီး Database တွင် သိမ်းဆည်းခြင်းနှင့် မတူညီသော ဂဏန်း ၁၀ လုံးပါဝင်သည့် Unique iD နံပါတ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒိုက်ဦးမြို့နယ်တွင် တိရစ္ဆာန်ကာကွယ်ဆေး ထိုးနှံ

ဒိုက်ဦး ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန တိရစ္ဆာန်ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ရှမ်းစုကျေးရွာအုပ်စု ရှမ်းစုကျေးရွာ ဦးမိုးကျော်၏ နွားခြံ၌ ဒိုက်ဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာကျော်လင်း ဦးဆောင်၍ တိရစ္ဆာန်ကာကွယ်ဆေးထိုးခြင်းကို ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါ တိရစ္ဆာန်ကာကွယ် ဆေးထိုးနေမှုကို ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ ဒိုက်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ဒလမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ မြို့နယ်အဆင့် ကျောင်းပေါင်းစုံ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ဒလ ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မြို့နယ်အဆင့် ကျောင်းပေါင်းစုံ ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့မ(၄)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူကျော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုက ကျပန်းစကားပြောပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို စတင်ရာ မြို့နယ်အဆင့်ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က မူးယစ်ရန်စွယ် တို့ကာကွယ်၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ အစဉ်ရှေးရှု မြန်မာ့ယဉ်ကျေးမှု၊ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်စို့၊ လူငယ်နှင့် ရည်မှန်းချက် စသည့် ခေါင်းစဉ် ခြောက်ခုကို မဲနှိုက်ပြီး ကိုယ်ကျရာ ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် မူးယစ်ရန်စွယ် တို့ကာကွယ်ခေါင်းစဉ်ဖြင့် ပထမဆုကို အထက(ပျော်ဘွယ်ကြီး) Grade(10) မှ မမေဖူးစံ၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး ခေါင်းစဉ်ဖြင့် ဒုတိယဆုကို အထက(ရခိုင်ချောင်) Grade (10)မှ မအေးချမ်းမော်၊ စာပေမြင့်မှ လူမျိုးတင့်မည် ခေါင်းစဉ်ဖြင့် တတိယဆုကို အထက(၂) Grade(12)မှ မသင်းသင်းထွေးနှင့် အထူးဆုရရှိသူများအား ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူကျော်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ကျပန်းစကားပြောပြိုင်ပွဲသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၂၀ တို့ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်များကို တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အခြေခံစားသောက်ကုန်တွင် အရေးပါသည့် ရေထွက်ကုန်၊ ကုန်စိမ်းနှင့် အသီးအနှံများ လက်ကားအဓိကဖြန့်ဖြူးရာ ရွှေပိတောက်ငါးဈေးနှင့် သီရိမင်္ဂလာဈေးကြီး

ပြည်သူလူထုအတွက် အခြေခံစားသောက်ကုန်များဖြစ်သည့် ဟင်းသီးဟင်းရွက်နှင့် ငါး/ပုစွန်ရေထွက်ကုန်များကို လူထုလက်ဝယ်အရောက် ဖြန့်ဖြူးနိုင်ရန် အသားငါးဈေးရုံများ၊ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံဈေးရုံတို့၏ အခန်းကဏ္ဍသည် ကုန်ပစ္စည်းအဓိက ဖြန့်ဖြူးတင်ပို့ရာ ဈေးရုံကြီးများအဖြစ် အရေးပါလျက်ရှိသည်။



ဦးဝေလင်း



ဦးသန်းနိုင်



ဦးအောင်လင်းဦး



ဒေါ်မေသက်ခိုင်



ကိုမိုးကြီး

ရန်ကုန်မြို့တွင် လူဦးရေ ၅ ဒသမ ၈ သန်းနေထိုင်လျက်ရှိပြီး အဆိုပါလူဦးရေ နေ့စဉ်စားသုံးနိုင်ရန် လှိုင်မြို့နယ် သီရိမင်္ဂလာ ဟင်းသီးဟင်းရွက် သီးနှံဈေး၊ ရွှေပိတောက် ငါးဈေးနှင့် စံပြငါးဈေးတို့သည် ရန်ကုန်မြို့၏ အဓိကစားသောက်ကုန်များ လက်ကားဖြန့်ဖြူးရာ ဈေးရုံကြီးများအဖြစ် ပြည်သူလူထု၏ စားသောက်ကုန် လိုအပ်ချက်ကို ဖော်ဆောင်ပေးလျက်ရှိပြီး ရန်ကုန်မြို့နေပြည်သူများ စားရေးအတွက်သာမက ကျန်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကုန်စည်များ ဖြန့်ဖြူးတင်ပို့လျက်ရှိသည်။ ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်သို့ နေ့စဉ်စားသောက်ကုန်များ ဖြန့်ဖြူးလျက်ရှိသော ရွှေပိတောက်ငါးဈေးနှင့် သီရိမင်္ဂလာ ဟင်းသီးဟင်းရွက်သီးနှံဈေးမှ တာဝန်ရှိသူများ၏ စကားသံတို့ကို စုစည်းဖော်ပြလိုက်ပါသည်–

**ဦးဝေလင်း**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မရမ်းကုန်းခရိုင်ဈေးများနှင့်**
**ကုန်စည်ပွဲရုံများဌာန**

သီရိမင်္ဂလာဈေးကနေ တစ်ရက်ကို ကုန်တန်ချိန် ၅၀၀၀ ကျော် ဖြန့်ဖြူးပေးနေပြီးတော့ ရွှေပိတောက်ငါးဈေးကရေချို ရေငန်ကုန်တန်ချိန် သုံးသိန်းခန့်နဲ့ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးက ကုန်တန်ချိန် တစ်သိန်းခွဲခန့်ကို နေ့စဉ် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ဖြန့်ဖြူးရောင်းချပေးနေပါတယ်။ ရွှေပိတောက်ငါးဈေးကို ရေချိုငါးအနေနဲ့ ရန်ကုန်၊ ဧရာဝတီနဲ့ ပဲခူးတိုင်းဒေသကြီးက ဝင်ရောက်ပြီးတော့ ရေငန်ငါးဆိုရင် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးက ဝင်ရောက်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စည်ပင်သာယာဈေးပေါင်း ၁၈၀ ကျော်ရှိပြီးတော့ သီရိမင်္ဂလာဈေးနဲ့ ရွှေပိတောက်ငါးဈေးကို ဝင်ရောက်ဖြန့်ဖြူးတဲ့ အခြေခံစားသောက်ကုန်တွေဟာ နေ့စဉ် ရန်ကုန်တိုင်းဒေသကြီးသာမက ကျန်တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို စီးဆင်းနေတဲ့အတွက် အဲဒီဒေသက စားသုံးသူတွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေတဲ့အပြင် ရန်ကုန်မြို့နေ စားသုံးသူတွေအတွက် အဓိကအရေးပါလျက်ရှိပါတယ်။

သီရိမင်္ဂလာကုန်စိမ်းဈေး သန့်ရှင်းသာယာလှပရေးအတွက် လုပ်သား ၇၀ နဲ့ ဆောင်ရွက်နေပြီးတော့ နေ့စဉ် အမှိုက်တန်ချိန် ၈၀ ကနေ ၁၂၀ ခန့်အထိ ထွက်ရှိနေတဲ့အတွက် ဈေးသည်နဲ့ဈေးဝယ်ပြည်သူတွေ အနံ့အသက် ကောင်းမွန်ဖို့ သန့်ရှင်းရေးလုပ်သားတွေနဲ့ နေ့စဉ် ဆောင်ရွက်နေပါတယ်။ ဈေးရုံသုံးရုံကို အမိုးအသစ်များ လဲလှယ်ခဲ့တဲ့အပြင် ဈေးရုံကိုးရုံမှာ ရေတံလျှောက်တွေလည်း တပ်ဆင်နိုင်ခဲ့ပါတယ်။ တစ်ဆက်တည်း စွန့်ပစ် ဟင်းသီးဟင်းရွက်တွေထဲကနေ သဘာဝဓာတ်မြေဩဇာအဖြစ် အီးအမ်ဘိုကာချီဆိုတဲ့ သဘာဝဓာတ်မြေဩဇာကို ထုတ်လုပ်ပြီး ဥယျာဉ်နဲ့ခြံစိုက် တောင်သူတွေအတွက် ဖြန့်ဖြူးရောင်းချပေးနေတာလည်း ရှိပါတယ်။ တောင်သူဦးကြီးတွေအနေနဲ့ ဈေးနှုန်းသက်သာတဲ့ သဘာဝမြေဩဇာကို ထဲထဲဝင်ဝင် ထုတ်ယူသုံးစွဲတတ်တဲ့ အလေ့အကျင့်ကောင်းတွေ ရရှိအောင် အသိပေးလိုတဲ့သဘောလည်း ဖြစ်ပါတယ်။

**ဦးသန်းနိုင်**
**ရွှေပိတောက်ငါးဈေးတာဝန်ခံ**

ရွှေပိတောက်ငါးဈေးဟာ ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက အခြားသော တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကို နေ့စဉ်ကုန်စည်စီးဆင်းနေတဲ့ ရေထွက်ကုန်ဈေးကြီးလည်းဖြစ်ပါတယ်။ အခုမိုးရာသီမှာ ငါး/ပုစွန်ပိုပြီး ဝင်ရောက်ပါတယ်။ ပြည်တွင်းမှာ ရေချိုမွေးမြူရေးကန်တွေကနေ မွေးမြူထုတ်လုပ်နေတဲ့အတွက် ရေထွက်ကုန် ပြတ်လပ်တယ်ဆိုတာ မရှိပါဘူး။ ရခိုင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးက ရေငန် ငါး/ပုစွန်ဆိုရင် ရေလမ်း၊ ကုန်းလမ်းကနေ တစ်ရက်ကို ကုန်တန်ချိန် တစ်သိန်းကျော် ဝင်ရောက်ပြီးတော့ ရေချိုငါး/ပုစွန် ဆိုရင် တန်ချိန်နှစ်သိန်းကျော် ဝင်/ထွက်မှု ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးက ရေချိုနဲ့ ရေငန်ငါး/ပုစွန်လည်း ဝင်ပါတယ်။ ဈေးနှုန်းအတက် အကျတော့ရှိတယ်။ ရေထွက်ကုန်အဝင်များရင် ဈေးပြန်ကျတတ်ပြီးတော့ အဝင်နည်းသွားရင် ဈေးပြန်တက်လေ့ရှိပါတယ်။ ရေချိုငါးအမျိုးအစား ၁၁ မျိုးနဲ့ ရေငန်အမျိုးအစား ရှစ်မျိုး ကုန်တန်ချိန်သုံးသိန်းကျော် ဝင်ထွက်မှုရှိပါတယ်။

ရွှေပိတောက်ငါးဈေး အကျယ်အဝန်း ၈ ဒသမ ၁၂၂ ဧက ရှိပြီးတော့ ငါးဈေးဝင်းအတွင်း ယာဉ်အစီးရေ ၄၀၀ ကျော် ဝင်ထွက်ပြီး ကုန်စည်စီးဆင်းနေပါတယ်။ ဈေးရုံပေါင်း ၁၁ ရုံ၊ ဆိုင်ခန်းပေါင်း ၄၄၄ ခန်းရှိပါတယ်။ ရွှေပိတောက်ငါးဈေးနဲ့ စံပြငါးဈေးက ရေထွက်ကုန်တွေကို ရန်ကုန်တိုင်းဒေသကြီးသာမက မြန်မာပြည်တစ်ဝန်း ကုန်စည်စီးဆင်းနေတဲ့အတွက် ရန်ကုန်မြို့အတွက်သာမက ရေထွက်ကုန်တင်ပို့ရာ နယ်စပ်ဒေသပါမကျန် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအတွက် အရေးပါတဲ့ ဈေးကြီးဖြစ်ပါတယ်။ လက်လီပြန်လည် ရောင်းချမယ့်ဈေးဝယ်တွေနဲ့ လက်ကားရောင်းချပေးတဲ့ဈေးသည်ဒိုင်တွေအဆင်ပြေချောမွေ့စွာ ရောင်းဝယ်နိုင်ဖို့ အတတ်နိုင်ဆုံး စီမံဆောင်ရွက်ပေးနေပါတယ်။

**ဦးအောင်လင်းဦး**
**သီရိမင်္ဂလာဈေးတာဝန်ခံ**

လှိုင်မြို့နယ်မှာရှိတဲ့ သီရိမင်္ဂလာဈေးဟာ ဟင်းသီးဟင်းရွက်နဲ့ အသီးအနှံအဓိက ရောင်းချတဲ့ လက်ကားဈေးကြီးဖြစ်ပါတယ်။ နံနက် ၄ နာရီကနေ ညနေ ၇ နာရီအထိ ဖွင့်လှစ်ရောင်းချပေးနေပါတယ်။ မြန်မာပြည်တစ်နံတစ်လျားက ရာသီအလိုက်ထွက်ရှိတဲ့ ကုန်စိမ်းမှန်သမျှ၊ တရုတ်နိုင်ငံက အသီးအနှံ၊ ထိုင်းနိုင်ငံက အသီးနဲ့ ကုန်စိမ်း ဝင်ရောက်ပြီးတော့ဒီကမှ တစ်ဆင့် နိုင်ငံတစ်ဝန်းကို ပြန်လည် ဖြန့်ဖြူးတင်ပို့တာပါ။ အဝင်ကုန်နဲ့အတူ အပြန်မှာ ကုန်ပြန်တင်တာလည်းရှိတယ်။ ဥပမာအားဖြင့် ဧရာဝတီတိုင်းဒေသကြီးက ကွမ်းရွက်တင်လာတဲ့ယာဉ်ဟာ ရှမ်းပြည်နယ်ကဝင်တဲ့ ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ နာနတ်သီးစတဲ့ကုန်စိမ်းကို ပြန်လည်သယ်ဆောင်တာရှိတယ်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးက ပြည်သူတွေ အသီးအနှံနဲ့ဟင်းသီးဟင်းရွက် ဖူလုံစွာ စားသုံးနိုင်အောင် သီရိမင်္ဂလာဈေးကြီးက အဓိကဖြန့်ချိပေးနေပါတယ်။ အသီးအနေနဲ့ ၁၀ မျိုးကနေ ၂၀ အထိရှိပြီး ကုန်စိမ်းဆိုရင် အမယ် ၃၀ ကနေ ၅၀ ကျော်အထိ ဖြန့်ဖြူးရောင်းချနေတာရှိပါတယ်။ ရာသီအလိုက် မူတည်ပြီး အဝင်/အထွက် အနည်းအများအရ အပြောင်းအလဲရှိတတ်ပါတယ်။ အခုဆိုရင် တရုတ်နိုင်ငံက ပန်းသီး၊ ပန်းသစ်တော်၊ လိမ္မော်သီး ဝင်ရောက်နေပြီးတော့ ပြည်တွင်းအနေနဲ့ ရှမ်းပြည်(မြောက်ပိုင်း)က နာနတ်သီးနဲ့ ပျဉ်းမနား၊ ကျောက်ဆည်က ဖရဲသီးဝင်နေပါတယ်။ ကုန်စိမ်းမျိုးစုံ



သီရိမင်္ဂလာဈေးသို့ ဝင်ရောက်လာသည့် ကုန်စိမ်းများကို တွေ့ရစဉ်။

ဝင်ပြီးတော့ ဒီရက်ပိုင်းမှာ ကုန်စိမ်းအနေနဲ့ ထူးထူးခြားခြားဝင်နေတာက ပဲခူးက ပုံလုံသီးပါ။

သီရိမင်္ဂလာဈေးဟာ ၁၆ ဒသမ ၉၂ ဧက ကျယ်ဝန်းပြီး ဈေးရုံ ၁၄ ရုံ၊ ဆိုင်ခန်းပေါင်း ၄၅၀၀ ကျော်ရှိပြီး ဈေးဝယ်ပြည်သူ တစ်ရက်ကို ဦးရေသုံးသိန်းခန့်နဲ့ ယာဉ်စီးရေသုံးထောင် ဝင်ထွက်မှုရှိပါတယ်။ ၂၀၁၆ ခုနှစ်ကနေ ဈေးအင်္ဂါရပ်နဲ့ အညီ ဆောင်ရွက်ခဲ့တာကြောင့် အခုဆိုရင် ရန်ကုန်မြို့က ဒေသခံပြည်သူများသာမက အခြားသောမြို့များက စားသုံးသူတွေအတွက် အရေးပါတဲ့ ကုန်စိမ်းနဲ့သီးနှံ လက်ကားဈေးကြီးအဖြစ် ထည်ထည်ဝါဝါ တည်ရှိနေပါတယ်။

**ဒေါ်မေသက်ခိုင်(၅၅၅ ဈေးတန်း)**

ဒီရာသီမှာ ပုံလုံသီးအဝင်များတယ်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းဆိုရင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းက ဝင်တယ်။ အခုရာသီမှာ ပဲခူးတိုင်းဒေသကြီး စစ်ကွင်း၊ မင်းလှက ဝင်လာတာပါ။ တစ်စီးကိုဆယ်တောင့် စီးထားတယ်။ တစ်စီးကို ကျပ် ၂၂၀၀ ယူရပြီးတော့ ကျပ် ၂၅၀၀ နဲ့ လက်ကား ပြန်ရောင်းတယ်။ ပေါ်ဦးပေါ်ဖျားမှာ တစ်စီးကို ကျပ် ၄၀၀၀ ကနေ ကျပ် ၅၀၀၀ အထိ ဈေးရှိတယ်။ အခုဝင်တဲ့ပုံလုံသီးဟာ အတောင့်လှတဲ့အတွက် စားသောက်ဆိုင်နဲ့ ဟိုတယ်တွေက ဝယ်ကြတယ်။ ဈေးတွေမှာဆိုရင်လည်း ရောင်းပန်းလှတယ်။ သီရိမင်္ဂလာဈေးက ပုံလုံသီးဟာ ဘားအံ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နဲ့ တနင်္သာရီတိုင်းဒေသကြီးကို သွားတယ်။ ဇူလိုင်လမှာ စဝင်ပြီးတော့ စက်တင်ဘာလဆိုရင် ပဲခူးကပုံလုံသီးအဝင်ရပ်သွားပြီ။ ပုစွန်ပေါရင် ပုံလုံသီးအဝယ်လိုက်တယ်။ မြန်မာမျိုးရင်းဖြစ်တဲ့အတွက် ချိုတယ်။ ကုန်စိမ်းထွက်တဲ့ဒေသက ပစ္စည်းအရည်အသွေးကောင်းရင် ရောင်းတဲ့သူလည်း မျက်နှာပန်းလှပြီး စားသုံးသူလည်း အဆင်ပြေတဲ့အတွက် အရောင်းအဝယ်လည်း ကောင်းလေ့ရှိပါတယ်။

**ကိုမိုးကြီး( ၁၃၅ တည်းသီးပွဲရုံ)**

အခုချိန်မှာ တည်းသီးကို မြစ်ကြီးနား၊ ရှမ်းပြည်၊ တောင်ငူနဲ့ ရခိုင်ကဝင်နေပါတယ်။ မြစ်ကြီးနား တည်းသီးက ဈေးအမြင့်ဆုံးပါ။ မြစ်ကြီးနားတည်းသီးက တစ်တင်းကို ငွေကျပ် ၁၉၈၀၀၀၊ ရှမ်းသီးနဲ့ တောင်ငူက တစ်တင်းကို ငွေကျပ် ၈၅၀၀၀ နဲ့ ရခိုင်တည်းသီးက တစ်တင်းကို ငွေကျပ် ၈၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ မတ်လကနေ မေလအထိ ရေး၊ ထားဝယ်နဲ့မြိတ်က တည်းသီးတွေ သီရိမင်္ဂလာဈေးကို လှိုင်လှိုင်ဝင်တတ်ပါတယ်။ ဇူလိုင်လနဲ့ ဩဂုတ်လမှာ မြစ်ကြီးနားနဲ့ရှမ်းပြည်က အများဆုံးဝင်တဲ့အတွက် အရောင်းအဝယ်ကောင်းတဲ့အချိန်လို့ ပြောရမှာပါ။ ဇွန်လပိုင်းမှာ အခွံမချွတ်ထားတဲ့ တည်းသီး တစ်တင်းကို ငွေကျပ် ၂၅၀၀၀၊ ၃၀၀၀၀၊ အခွံချွတ်ထားရင် ငွေကျပ် ၄၀၀၀၀၊ ၅၀၀၀၀ ဆိုတော့ လက်ကားဈေးသည်တွေဝယ်နိုင်ကြတယ်။ အခုဈေးမြင့်သွားတဲ့အတွက် အရောင်းနည်းနည်းကျသွားတယ်။ ထမင်းဆိုင်သမားတွေတော့ ယူကြတယ်။ သီရိမင်္ဂလာဈေးကို ဝင်ရောက်တဲ့ တည်းသီး အားလုံးဟာ မြန်မာတစ်ပြည်လုံးကို သွားနေပါတယ်။

တွေ့ဆုံမေးမြန်း - ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

နေပြည်တော် ဩဂုတ် ၂၃

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားမည့်အကြောင်းအရာများမှာ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအကြောင်းအရာများဖြစ်ကြောင်း၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ အကြောင်းအရာများကို မိမိပြောကြားသွားမည်ဖြစ်ပြီး အများပြည်သူ စိတ်ဝင်စားမည့်၊ ယနေ့ သတင်းစာရှင်းလင်းပွဲတွင် အဓိကအသိပေးလိုသည့် စီးပွားရေးဆိုင်ရာအကြောင်းအရာများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူများနှင့် တာဝန်ရှိသူများကိုယ်တိုင် ပြောကြားသွားမည်ဖြစ်ကြောင်း၊ ထို့နောက် မေး၊ ဖြေကဏ္ဍဖြစ်ကြောင်း၊ သတင်းစာရှင်းလင်းပွဲနှင့် သက်ဆိုင်သည့်မေးခွန်းများကိုသာ မေးမြန်းကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ မေးခွန်းများနှင့်ပတ်သက်ပြီး ယခုနေရာမှာသာ အတတ်နိုင်ဆုံးဖြေကြားသွားမည်ဖြစ်ကြောင်း၊ အချို့သောစီးပွားရေးဆိုင်ရာအချက်အလက်ပိုင်းဆိုင်ရာများ၊ ကိုးကားမှုပိုင်းဆိုင်ရာများ၊ လိုအပ်ချက်ရှိသည့် မေးခွန်းများကို ယခုမဖြေကြားနိုင်လျှင်လည်း သီးခြားပြန်လည်ဖြေကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်းခဲ့သည့်အခြေအနေ

ပထမဦးဆုံးအနေဖြင့် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်းခဲ့သည့်အခြေအနေ**ကို ပြောကြားလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် နိုင်ငံတော်၏ ဆောင်ရွက်ရန်ကျန်ရှိနေသေးသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို တင်ပြခဲ့ပါကြောင်း၊ နိုင်ငံတော်အတွက် ဆောင်ရွက်ရန် ကျန်ရှိနေသည့် ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ နောက်ထပ်သက်တမ်း (၆) လတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ တာဝန်အပ်နှင်းမှုအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ရာ၌ ၂၀၂၃ခုနှစ် ဩဂုတ် ၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ အမိန့်အမှတ် ၅၇/၂၀၂၃ နှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို အဖွဲ့ဝင် (၁၈) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း။

ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်များကို ပိုမိုမြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ် ၃ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းပုံ (၃၂)ဦးဖြစ်ကြောင်း၊ ထို့ပြင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ရှိသည့် အစိုးရအဖွဲ့အသီးသီးတွင်လည်း လိုအပ်သည့် ပြင်ဆင်ဖွဲ့စည်းမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အစိုးရအဖွဲ့အသီးသီးကို လိုအပ်သည့်ပြင်ဆင်ဖွဲ့စည်းမှုများ ဆောင်ရွက်ခဲ့ပြီးနောက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်ပတ်သက်ပြီး လိုအပ်သည့်သုံးသပ်ဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံအတွင်း ဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအပါအဝင် နယ်ပယ်ကဏ္ဍစုံ သုံးသပ်ဆွေးနွေးပြီးနောက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ပြင်ဆင်သတ်မှတ်ခဲ့ပါကြောင်း။

ရှေ့လုပ်ငန်းစဉ်များကိုကြည့်လျှင် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရ၏ ရည်မှန်းချက်ကို တွေ့နိုင်ပါကြောင်း၊ မိမိတို့၏ ရည်မှန်းချက်သည် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်ပြည့်စုံစွာ ကျင်းပနိုင်ရေးဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ ပထမအချက်တွင် **"လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်"** ဟု သတ်မှတ်ထားပါကြောင်း၊ ရွေးကောက်ပွဲတစ်ရပ် ကျင်းပရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာ၊ တိုင်းရင်းသားပြည်သူအားလုံး ပါဝင်ခွင့်ရရှိရေးသည် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲကျင်းပချိန်တွင်လည်း မဲဆန္ဒရှင်ပြည်သူအားလုံး အကြောက်တရားကင်းကင်း၊ ဖိအားကင်းကင်းနှင့် မိမိရွေးချယ်လိုသည့် ကိုယ်စားလှယ်လောင်းနှင့် ပါတီကို ရွေးချယ်နိုင်ရန် လိုအပ်ပါကြောင်း၊ ယင်းအခြေအနေကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ ပထမဆုံးအချက်တွင် ထည့်သွင်းထားခြင်း ဖြစ်ကြောင်း။

ဒုတိယအချက်တွင် **"တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်"** ဟု သတ်မှတ်ထားပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးစနစ်နှင့် တည်ရှိခြင်းဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်အကျိုးဝင်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကိုအခြေခံပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို မြှင့်တင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်း

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရစဉ်ကစပြီး လက်နက်ကိုင်တိုက်ခိုက်မှုအမျိုးမျိုးကို ကြုံတွေ့ခဲ့ရပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုသည် နောက်ကျကျန်ခဲ့ရပါကြောင်း၊ လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အစရှိသည့် နယ်ပယ်အသီးသီးတွင် နောက်ကျကျန်ရစ်ခြင်းကို အမြန်ဆုံးအဆုံးသတ်နိုင်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခအမြန်ဆုံးပြီးဆုံးပြီး ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် အစိုးရအဆက်ဆက်က ကြိုးပမ်းခဲ့ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ဦးတည်ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းပြည်ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀) ဖွဲ့တို့နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကိုလက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် နိုင်ငံရေးဖြစ်စဉ်ပြောင်းလဲမှု ဖြစ်ပေါ်ပြီးနောက်ပိုင်းတွင် လက်နက်ကိုင်အဖွဲ့ (၃) ဖွဲ့သည် NCA လမ်းကြောင်းမှ သွေဖည်ပြီး NCA ကို ပစ်ပယ်ခဲ့သည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်ငြိမ်းချမ်းမှုရရှိစေရန် NCA ပါ သဘောတူညီချက်များနှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ကို စတင်ရယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၂၇ ရက်အထိ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ (၇)ဖွဲ့၊ လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အဖွဲ့ (၃) ဖွဲ့တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုပေါင်း (၂၂) ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှုတိုင်းတွင် တက်ရောက်ဆွေးနွေးခဲ့သည့် အဖွဲ့တိုင်း၏ လိုလားချက်၊ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကိုလည်း စနစ်တကျစုစည်းထားရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်မပျက်ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပါကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့်နှင့် ဆွေးနွေးဆောင်ရွက်သွားရမည့် ကိစ္စရပ်များကိုလည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုသည့်စိတ်ဆန္ဒ ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် အစဉ်အမြဲတံခါးဖွင့်ထားပါကြောင်းကိုလည်း ထည့်သွင်းပြောကြားလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ပြောကြားမှုများ၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့်ဆွေးနွေးမှုများ၊ လမ်းညွှန်မှုများတွင်လည်း ငြိမ်းချမ်းရေးကို လိုလားသည့်စိတ်အမြဲရှိရန် ငြိမ်းချမ်းရေးနှင့် ပတ်သက်လာလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဆွေးနွေးရန်အစဉ်အမြဲတံခါးဖွင့်ထားသည်ကို ထည့်သွင်းပြောကြားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယင်းအတွက်လည်း မိမိတို့ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ တတိယအချက်တွင် **"နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်"** ဆိုသည်ကို ထည့်သွင်းထားရှိပါကြောင်း။

## ရှေ့လုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်

စတုတ္ထအချက်ဖြစ်သည့် **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်"** နှင့် ပဥ္စမအချက်တွင် **"ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"** တို့ကိုလည်း ရှေ့လုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် မိမိအဓိကထားပြောလိုသည်မှာ နံပါတ် ၅ အချက်ဖြစ်ပါကြောင်း၊ ယခင်ကရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် နံပါတ် ၅ အချက်သည် **"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"** ဖြစ်ပါကြောင်း၊ ယခုရှေ့လုပ်ငန်းစဉ်တွင် မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို ဦးတည်ဆောင်ရွက်ထားသည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်သည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏

**စာမျက်နှာ ၁၁ သို့ ❖**

❖ စာမျက်နှာ ၁၀ မှ

အခွင့်အရေးများ နစ်နာမှုမရှိစေရေးသည် အခြေခံ အခွင့်အရေးဖြစ်ကြောင်း၊ အသက်အရွယ်အရ ကန့်သတ်မှုပြည့်မြောက်ပြီးသည့် နိုင်ငံသားတိုင်း၊ အခြေခံဥပဒေအရ မဲပေးပိုင်ခွင့်မရှိသူများမှအပ ပြည်သူတစ်ရပ်လုံးသည် မိမိ၏ဆန္ဒကိုဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိလိုလားသည့် နိုင်ငံရေးစနစ်ကို ထောက်ခံနိုင်မည်ဖြစ်ကြောင်း၊ မိမိလိုလားသည့် နိုင်ငံရေးပါတီ သို့မဟုတ် မိမိလိုလားသည့် ပုဂ္ဂလိကအရွေးချယ်ခံကို ရွေးချယ်ခွင့်ရှိမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယင်းအခွင့်အရေး နစ်နာမှုမရှိအောင် မိမိတို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲသည် အားလုံးခြုံငုံမိသည့် စကားရပ်ဖြစ်ပါကြောင်း၊ မဲစာရင်းများ မှန်ကန်စေရေး၊ မဲရုံများ စနစ်တကျရှိစေရေး၊ မဲပေးရန်အတွက် အခြေအနေဖန်တီးပေးခြင်း စသည်တို့အားလုံးသည် စနစ်ကျနမှန်ကန်မှုရှိရမည်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ညီညွတ်မည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်အောင် ဆောင်ရွက်ခြင်း၊ ထို့နောက် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ ဆောင်ရွက်ပြီးစီးလျှင် အထွေထွေရွေးကောက်ပွဲကျင်းပပြီး ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## ပိုမိုကျစ်လျစ်သည့် ဦးတည်ချက်များအဖြစ် ပြင်ဆင်သတ်မှတ်

ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြင်ဆင်ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များအပေါ်မူတည်ပြီး နိုင်ငံရေးနှင့် ပတ်သက်သည့် ဦးတည်ချက်များကို ယခင်ချမှတ်ထားသည့် ဦးတည်ချက်များထက် ပိုမိုကျစ်လျစ်သည့် ဦးတည်ချက်များအဖြစ် ယခုတင်ပြထားသည့်အတိုင်း ပြင်ဆင်သတ်မှတ်ခဲ့ပါကြောင်း၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် အရေးကြီးသည့်ဦးတည်ချက်များ ချမှတ်ထားခြင်းကို သတိပြုမိစေလိုပါကြောင်း၊ ထို့နောက် စီးပွားရေး ဦးတည်ချက် (၃) ရပ်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်၏ ဒုတိယအချက်တွင် ဖော်ပြပါရှိသည့် **"တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်"** ဆိုသည့် အချက်ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဆိုပါစီးပွားရေး ဦးတည်ချက် (၃) ရပ်က အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယင်းနောက် လူမှုရေးဦးတည်ချက် (၃) ရပ်ဖြစ်ပြီး လက်ရှိအခြေအနေများနှင့် ကိုက်ညီစွာ ထည့်သွင်းပြင်ဆင်ထားခြင်းရှိပါကြောင်း၊ ထိုအထဲမှ ထူးခြားမှုတစ်ခုအနေဖြင့် လူငယ်ကဏ္ဍဖြစ်ကြောင်း။

လူမှုရေးဦးတည်ချက်တွင်ပါသည့် နံပါတ် (ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးဖြစ်ပါကြောင်း၊ နိုင်ငံတစ်ခု၏အနာဂတ်သည် လူငယ်များလက်ထဲတွင်ရှိပါကြောင်း၊ လူငယ်များသည် နောင်တစ်ချိန်တွင် မိမိတို့နိုင်ငံ၏တာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များသည် အသိပညာ၊ အတတ်ပညာ၊ မှန်ကန်စွာစဉ်းစားဆင်ခြင်နိုင်စွမ်း၊ ဗဟုသုတများ ပြည့်စုံနေရန်လိုပါကြောင်း၊ ယင်းကဲ့သို့ ပြည့်စုံရန်အတွက် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ စသည့် ဗလငါးတန်နှင့် ပြည့်စုံရန် လိုအပ်ပါကြောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး ဆိုသည့်အချက်များအရ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းမည်ဆိုလျှင် နိုင်ငံသားတိုင်း ပညာတတ်မြောက်နေရန် လိုပါကြောင်း၊ ထို့ကြောင့် အစိုးရ၏ ပညာရေးရည်မှန်းချက်များကို ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိစေရန်နှင့် အခြေခံပညာအလယ်တန်းအဆင့် KG + 9 ပြီးဆုံးသည်အထိ ပညာသင်ယူနိုင်ရန်ဆိုပြီး သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ အဓိကအနေဖြင့် အနာဂတ်နိုင်ငံတော်၏တာဝန်ကို ဦးဆောင်မည့်လူငယ်များအတွက် အလေးထားပြုစုပျိုးထောင်ပေးလိုသည့်အတွက် ဦးတည်ချက်တစ်ခုအဖြစ် အလေးထားထည့်သွင်းချမှတ်ခဲ့ခြင်းဖြစ်ကြောင်း။

ပြင်ဆင်သတ်မှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို အသေးစိတ်ပြန်လေ့လာကြည့်လျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ရေးရှူဆောင်ရွက်နေမှုကို မြင်သာလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များ

ဆက်လက်၍ ရှေ့လုပ်ငန်းစဉ်၊ ဦးတည်ချက်များနှင့်ဆက်စပ်သည့် **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များ**ကို တင်ပြလိုပါကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၏ ပထမအချက်၊ စတုတ္ထအချက်နှင့် ပဉ္စမအချက်တို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသည့် နိုင်ငံရေးပါတီများအား မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ယနေ့အထိ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီစုစုပေါင်း ၃၆ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါပါတီများအနက်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ ခွင့်ပြုခဲ့သည့်ပါတီအဟောင်း ၃၀ နှင့် ပုဒ်မ ၃ အရ ပါတီအသစ်အဖြစ် လျှောက်ထားခဲ့သည့် ခြောက်ပါတီရှိပါကြောင်း၊ ခွင့်ပြုခဲ့ပြီး ၃၆ ပါတီအနက် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးဆောင်ရွက်မည့်ပါတီ ခုနစ်ပါတီနှင့် ကျန်ပါတီများအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် စည်းရုံးဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီများအနက် ကျန်ရှိနေသေးသည့်ပါတီများကိုလည်း လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်ပြီးချိန်တွင် ခွင့်ပြုသွားမည်ကို အသိပေးတင်ပြလိုပါကြောင်း၊ သတိပြုသင့်သည့်အချက်များအနေဖြင့် ပထမအချက်မှာ ပါတီဟောင်းများသာမက ပါတီအသစ်ခြောက်ပါတီ ရှိလာခြင်းဖြစ်ပြီး ဒုတိယအချက်အနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့် ပါတီ ခုနစ်ပါတီအထိရှိနေခြင်းဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် ကျန်ရှိသည့်ပါတီများတွင်လည်း အများစုသည် တိုင်းရင်းသားပြည်နယ်များတွင် စည်းရုံးဆောင်ရွက်မည့် ပါတီများဖြစ်ခြင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် နိုင်ငံရေးစနစ်တည်ဆောက်ရာတွင် ပြည်ထောင်စုကို တည်ဆောက်ရာ၌ တိုင်းရင်းသားပြည်သူအားလုံး၏ လိုလားချက်၊ တောင်းဆိုချက်များကို ကိုယ်စားပြုဖော်ပြနိုင်မည့် တိုင်းရင်းသားမျိုးစုံ ပါဝင်သည့် လွှတ်တော်ရပ်ဝန်းတစ်ခု ဦးတည်နေသည်ကို သတိပြုမိစေလိုပါကြောင်း။

## မိုခါဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးအခြေအနေ

ဆက်လက်၍ လူမှုရေးကဏ္ဍကို ပြောလိုပါကြောင်း၊ **မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးအခြေအနေ**ကို ပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် မိုခါမုန်တိုင်း မြန်မာနိုင်ငံအား ဝင်ရောက်နိုင်မည့်အခြေအနေကို မေ ၄ ရက်တွင် ကနဦးအတည်ပြုခဲ့ပါကြောင်း၊ မေ ၆ ရက်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအရေးပေါ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့ပြီး မုန်တိုင်းနှင့်ပတ်သက်သည့်အချက်အလက်များ၊ ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်ခဲ့ပါကြောင်း၊ မိုခါမုန်တိုင်း ဖြတ်ကျော်ဝင်ရောက်ချိန်တွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်ကို ဘေးအန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသည့် အနီးရောင်အဆင့်ဒေသများအဖြစ် (၂၀၂၃) ခုနှစ် မေ (၁၃) ရက်တွင် ကြိုတင်ကြေညာစေခဲ့ပါကြောင်း၊ ပုံမှန်လုပ်ထုံးလုပ်နည်းအရ၊ မိုးလေဝသဆိုင်ရာ ကြိုတင်သတိပေးရေးလုပ်ငန်းစဉ်အရ မုန်တိုင်းမဝင်မီ ၁၂ နာရီအလိုတွင် ထုတ်ပြန်ရမည်ဖြစ်ကြောင်း၊ သို့သော် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် မုန်တိုင်းမဝင်မီတစ်ရက်ကျော်ကတည်းက ကြိုတင်ကြေညာစေခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မုန်တိုင်းတိုက်ခတ်နိုင်သည့် ဒေသအသီးသီးက ပြည်သူများကိုလည်း အချိန်မီရွှေ့ပြောင်းပေးနိုင်ခဲ့ပါကြောင်း၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုကောင်းမွန်ခဲ့သည့်အတွက် မုန်တိုင်းကြောင့် သေဆုံးရသည့်အရေအတွက်နည်းပါးခဲ့ကြောင်း၊ တိုက်ခတ်ခဲ့သည့်မုန်တိုင်း၏အရှိန်မှာ ယခင်နာဂစ်မုန်တိုင်းထက် ပြင်းထန်သည့်မုန်တိုင်းဖြစ်ပါကြောင်း၊ ကြိုတင်သတိပေးမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အချိန်ယူပြီး ကြိုတင်ပြင်ဆင်မှုများနှင့် မိမိတို့၏ပြည်သူလူထုအပေါ် အလေးထားဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့်၊ သေပျောက်မှု၊ တခြားဆုံးရှုံးမှုနည်းပါးခြင်းဖြစ်ပါကြောင်း၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် ရခိုင်ပြည်နယ်မြောက်ပိုင်း ခုနစ်မြို့နယ်နှင့် ချင်းပြည်နယ်က နှစ်မြို့နယ်တို့သည် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ တပ်မတော်အကြီးအကဲများသည် မုန်တိုင်းဒဏ်သင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ဆောင်ရွက်ဖြည့်ဆည်းပေးခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏တာဝန်ရှိသူများနှင့် တပ်မတော်မှအရာရှိကြီးများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အနီးကပ်ကြီးကြပ်နိုင်ရန် တာဝန်ပေးအပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

အခြေခံပညာကျောင်းများသည် မုန်တိုင်းတိုက်ခတ်ပြီး မကြာမီတွင် ကျောင်းများ ဖွင့်လှစ်ရမည့်အချိန်ဖြစ်ပါကြောင်း၊ အခြေခံကျောင်းများ အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ စားနပ်ရိက္ခာပြတ်လပ်မှုမရှိရေး၊ ဆက်သွယ်ရေးစနစ်နှင့် လျှပ်စစ်ဓာတ်အားပြန်လည်ရရှိစေရေးအပါအဝင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အရှိန်အဟုန်နှင့် ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းစဉ်မှန်သမျှကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

မုန်တိုင်းတိုက်ခတ်ပြီးမကြာမီတွင် တစ်နိုင်ငံလုံး အခြေခံပညာကျောင်းများ ဖွင့်လှစ်ရာ၌လည်း ရာနှုန်းပြည့်နီးပါးအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး လက်ရှိကာလတွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာရေး အဆောက်အအုံများ ပြုပြင်ပြီးစီးမှု ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သား ဆေးဝန်ထမ်းတပ်ဖွဲ့မှ အဖွဲ့များ၊ သူနာပြုများနှင့် အလေးထားဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုအပြီး ထိခိုက်ပျက်စီးခဲ့သည့် ကျန်းမာရေးအဆောက်အအုံများ၏ ၉၄ ရာခိုင်နှုန်းအထိ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထု သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးလုပ်ငန်းသုံးရေလုံလောက်စွာရရှိရေးတို့ကိုလည်း အချိန်တိုအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အချိန်မီစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မိုဘိုင်းဆက်သွယ်ရေးစနစ်ကို လက်ရှိကာလတွင် ရာနှုန်းပြည့်ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်၍ ပို့လွှတ်ရေးအတွက် ဓာတ်အားလိုင်းအားလုံး ပြင်ဆင်ပြီးဖြစ်ကြောင်း၊ မြို့နယ် ၁၇ မြို့နယ်တွင် မြို့ပေါ်ရပ်ကွက်များအားလုံး ရာနှုန်းပြည့်ပြင်ဆင်ပြီးဖြစ်ကြောင်း၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ပေါက်တော၊ ကျောက်တော်စသည့်မြို့နယ်များ၏ ကျေးလက်ဒေသများကို ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ အမြန်ဆုံးပြီးစီးအောင် အလေးထားဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

## ကူညီလှူဒါန်းခဲ့မှုအခြေအနေများ

မုန်တိုင်းတိုက်ခတ်မှုပြီးနောက် မုန်တိုင်းဒဏ်သင့်ပြည်သူများကို စာနာထောက်ထားပြီး ကူညီလှူဒါန်းခဲ့မှု အခြေအနေများကို ဆက်လက်ပြောကြားလိုပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ သီရိလင်္ကာ စသည့်နိုင်ငံများနှင့် AHA Centre မှ စားသောက်ဖွယ်ရာများ၊ ဆေးဝါးပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ စသည်ဖြင့် ပေးပို့လှူဒါန်းခဲ့သည့်အတွက် အဆိုပါနိုင်ငံများနှင့် အဖွဲ့အစည်းများကို အထူးကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုပါကြောင်း၊ ပိုမိုအားကျဖွယ်၊ ချီးကျူးဖွယ်ကောင်းသည်မှာ မိမိတို့မြန်မာနိုင်ငံအတွင်းရှိသည့် ပြည်သူလူထုက မုန်တိုင်းဒဏ်သင့် ညီအစ်ကိုမောင်နှမများ၏ အခက်အခဲကို ပါဝင်ကူညီလှူဒါန်းမှုများ ပြုလုပ်ခဲ့ကြပါကြောင်း၊ ကိုယ်တိုင်လာရောက်လှူဒါန်းခြင်း၊ သက်ဆိုင်ရာငွေစာရင်းများသို့ ပေးပို့လှူဒါန်းခြင်း၊ မိုဘိုင်းစနစ်ဖြင့် ထည့်ဝင်လှူဒါန်းခြင်းတို့ကိုလည်း အားတက်သရောပါဝင်ခဲ့ကြသည့်အတွက် (၂၀၂၃) ခုနှစ် ဩဂုတ် (၂၁) ရက်အထိ မြန်မာကျပ်ငွေ ၃၃ ဘီလီယံကျော်နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ခုနစ်သိန်းငါးသောင်းကျော် လက်ခံရရှိခဲ့ပါကြောင်း၊ တင်ပြခဲ့သည့်စာရင်းတွင် မပါဝင်ဘဲ Volunteer အနေဖြင့် လာရောက်၊ သွားရောက်လှူဒါန်းမှုများလည်း အများအပြားရှိခဲ့ပါကြောင်း၊ တိုင်းရင်းသားညီနောင်များ၏ဒုက္ခကို စုပေါင်းညီညွတ်သည့်အား၊ ကူညီဖြည့်ဆည်းပေးလိုသည့်သဒ္ဓါတရားတို့တွင် မိမိတို့မြန်မာများ၏ မြင့်မြတ်သည့်စိတ်ကို ပြသခဲ့ခြင်းဖြစ်ကြောင်းနှင့် Volunteer များ၊ လှူဒါန်းခဲ့သူများကိုလည်း နိုင်ငံတော်အစိုးရအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ပြည်နယ်အဆင့်ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ဘားအံ ဩဂုတ် ၂၃

ကရင်ပြည်နယ်အစိုးရအဖွဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ပြည်နယ်အဆင့် ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီ၏ (၁၂/၂၀၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ပြည်နယ်အဆင့် ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် နိုင်ငံတော်မှ ထုတ်ချေးပေးထားသည့် ချေးငွေ ရှစ်ဘီလီယံကို စိစစ်ခွင့်ပြုထုတ်ချေးပေးထားပြီး ကော်မတီဝင်များအနေဖြင့် လုပ်ငန်းအောင်မြင်မှု ရှိ/မရှိ စဉ်ဆက်မပြတ်အကဲဖြတ်စောင့်ကြည့်သုံးသပ်၍ ကြပ်မတ်ဆောင်ရွက်ပေးရန် လိုကြောင်း၊ မိုးစပါးအပါအဝင် မိုးသီးနှံများနှင့် ပတ်သက်၍ အဓိကအားဖြင့် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော စိုက်ကေများ ပြန်လည်စိုက်ပျိုးနိုင်ရန်လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေး ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးရန် လိုကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများစာရင်းကိုကောက်ယူ၍ လိုအပ်သည့်ချေးငွေများ ထုတ်ချေးပေးနိုင်ရေး စိစစ်အတည်ပြုတင်ပြပေးစေလိုကြောင်း၊ စိုက်ပျိုးရေးသုံးစက်ကိရိယာများ ဝယ်ယူမှုနှင့်ပတ်သက်၍ ချေးငွေရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဗဟိုကော်မတီသို့ တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်ပြီး လိုအပ်သည့် အရင်းအနှီးများကို ကော်မတီအနေဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ပြည်နယ်အဆင့် ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီဝင် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ယခင်အပတ်(၁၁/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အဆင့် ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ခဲ့သည့် လုပ်ငန်းများ၏အခြေအနေ၊ မိုးစပါးစိုက်ပျိုးရာသီတွင် မြို့နယ်များအလိုက် ချေးငွေထုတ်ချေးစိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ကုစားနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အနုညာတခုံသမာဓိသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားနှင့် သင်တန်းသားများ၏ မိတ်ဆုံညစာစားပွဲ ကျင်းပ



ရန်ကုန် ဩဂုတ် ၂၃

မြန်မာအနုညာတ စီရင်ဆုံးဖြတ်ခြင်းဗဟိုဌာန ( Myanmar Arbitration Centre– MAC) သည် အနုညာတစီရင် ဆုံးဖြတ်ခြင်း ဥပဒေပါအတိုင်း သိရှိလိုက်နာဆောင်ရွက်နိုင်ရေးနှင့် ခုံသမာဓိ (Arbitrator) များ ပေါ်ထွက်လာစေရေးတို့အတွက် သင်တန်းများ ဖွင့်လှစ်၍ ပို့ချပေးလျက်ရှိရာ ယခုဆိုလျှင် သင်တန်းအပတ်စဉ် (၄) အထိ ပို့ချပေးပြီးဖြစ်သည်။

**ကျင်းပ**

အနုညာတခုံသမာဓိသင်တန်း အပတ်စဉ် (၄) သင်တန်းဆင်းပွဲ အခမ်းအနားနှင့် အပတ်စဉ် (၁)၊ (၂)၊ (၃)၊ (၄) တို့မှ သင်တန်းသားများ၏ မိတ်ဆုံညစာစားပွဲ အခမ်းအနားကို ဩဂုတ် ၂၀ ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကုန်သည်စက်မှုအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး MAC ၏ Managing Director ဦးကျော်ဒေဝက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အသင်းချုပ်၌ MBA, HRD Training Institute, EOD (အလုပ်ရှင်အဖွဲ့အစည်း)၊ Myanmar Productivity Centre, MSMEs စသည့် သင်တန်းများကို ပုဂ္ဂလိကစီးပွားရေး ကဏ္ဍအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်များအကြား စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက ပြည်တွင်း၌ပင် ဖြေရှင်းကြသည့် အခါ Arbitrator (ခုံသမာဓိပုဂ္ဂိုလ်) များ လိုအပ်ပြီး MAC ၏ အခန်းကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် သင်တန်းများ ဖွင့်လှစ် ပို့ချပေးလျက်ရှိကာ အရည်အချင်း ပြည့်ဝသည့် ခုံသမာဓိပုဂ္ဂိုလ်များ ပေါ်ပေါက်လာစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လက်တွေ့ဆောင်ရွက်နိုင်မည့် အတွေ့အကြုံဗဟုသုတများ၊ အကျိုးရလဒ်ကောင်းများကို သင်တန်းမှ ရရှိကြမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်း ဗဟိုဌာန (MAC) ၏ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက သင်တန်းဆင်းပြီးဖြစ်သည့် Arbitrator များအနေဖြင့် တာဝန်ကြီးသည့် ပညာရှင်များဖြစ်ပြီး ပရော်ဖက်ရှင်နယ်ပီသစွာ လုပ်ကိုင်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ MAC အနေဖြင့် Diploma သင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်နိုင်ရန် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ဆရာကြီး ဒေါက်တာမောင်မောင်သိမ်းက အနုညာတခုံသမာဓိ သင်တန်းအပတ်စဉ် (၄) သင်တန်းသား သင်တန်းသူများ၏ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား တစ်ဦးချင်းစီထံ ပေးအပ်ချီးမြှင့်သည်။

ညနေပိုင်းတွင် အနုညာတခုံသမာဓိသင်တန်း အပတ်စဉ် (၁)၊ (၂)၊ (၃)၊ (၄) တို့မှ သင်တန်းသားများ၏ မိတ်ဆုံညစာစားပွဲကို ကျင်းပရာ ကုန်သည်စက်မှုအသင်းချုပ်၏ အကြီးတန်းအကြံပေးဖြစ်သူ ဦးဇော်မင်းဝင်းက သင်တန်းများ ဖွင့်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းဆင်းများအတွက် ဂုဏ်ပြုအမှတ်တရ စကားများ ပြောကြားပြီး ဒေါက်တာမောင်မောင်သိမ်းက သင်တန်းသားများအတွက် အမှတ်တရ ဂုဏ်ပြုချီးမြှင့်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

နေပြည်တော် ဩဂုတ် ၂၃

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အညီ လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းနှင့် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Wisara International Co.,Ltd မှ အာမခံအလုပ်သမား ဦးစိုးထိုက်ဦး၏ နေပြည်တော်တွင် သင်တန်းတက်ရောက်နေစဉ် စာတမ်းပြုစုရန်အတွက် ကားဖြင့် ရေဆင်းစိုက်ပျိုးရေး သုတေသန (DAR) ဦးစီးဌာနသို့ သွားရောက်ခဲ့ပြီးအပြန် မတော်တဆ ထိခိုက်ဒဏ်ရာရ၍ သေဆုံးခဲ့မှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၁၅၀၀၀၀၀၀ (ကျပ် သိန်းတစ်ရာ့ငါးဆယ်တိတိ) ကို မိသားစုဝင်များအား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်အဆင့် မိတ်ဖက်ပေါင်းစပ်အဖွဲ့ဝင်များ၊ အလုပ်ရှင်အလုပ်သမား ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



* ကျောဖုံးမှ

လာရောက်လည်ပတ်ကြသူများအတွက် အေးချမ်းစွာ အနားယူအပန်းဖြေနိုင်ရန် အရိပ်ရပင်များ၊ ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးထားကြောင်း သိရသည်။

“သဘာဝ တောတောင်ရှုခင်းအလှအပတွေကို ထိန်းသိမ်းရင်းနဲ့ ဒီနှစ်မှာ အရိပ်ရအပင်တွေ၊ ပန်းအလှပင်တွေကို တိုးချဲ့စိုက်ပျိုးတယ်။ စိုက်တဲ့အပင်တွေက တမာပင်၊ သရက်ပင်၊ မန်းကျည်းပင်၊ မည်စည်ပင်၊ သဘော်ပင်တွေအပြင် ပန်းအလှပင်တွေလည်း ဒီနှစ်မိုးရာသီမှာ စိုက်ပျိုးထားတယ်။ ဒါ့အပြင် လာရောက်လည်ပတ်သူတွေရဲ့ အကြံပေးချက်အရ စခန်းအဝင်ဝမှာ ချုံတွေရှင်းပြီး အလှပန်းပင်တွေနဲ့ အရိပ်ရအပင်တွေ စိုက်ထားတယ်။ သဘာဝပတ်ဝန်းကျင်လည်း လှပရမယ်။ ဆင်ဒဏ်လည်း ခံနိုင်ရမယ်၊ ကျွန်တော်တို့ ဆင်သမားတွေအတွက် စားနိုင်မယ့် အပင်မျိုးတွေ စိုက်တာပါ”ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ဝါးနက်ဆင်စခန်းသို့ ဥပုသ်ရက်များနှင့် ရုံးပိတ်ရက်များတွင် ပုံမှန်ရက်များထက် လာရောက်အပန်းဖြေသူ ပိုမိုများပြားပြီး လာရောက်လည်ပတ်သူများကို ဆင်ထီး သုံးကောင်၊ ဆင်မငါးကောင် ပေါင်း ရှစ်ကောင်တို့မှ ဆင်အကများဖြင့် ဖျော်ဖြေခြင်း၊ ဆင်များက ဘောလုံးကန်ပြခြင်း၊ ပုသိမ်ထီးဆောင်း၍ ကပြခြင်း၊ ဆင်စီး၍ သဘာဝတောတောင်ရှုခင်းအလှအပများ ကြည့်ရှုခြင်းစသည့် ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း၊ လာရောက်အပန်းဖြေသူများကလည်း ဆင်များကို ဆင်စာဘူဖေးကျွေးခြင်းတို့ဖြင့် အေးချမ်းစွာ အနားယူအပန်းဖြေကြကြောင်း သိရသည်။

အဆိုပါ ဝါးနက်ဆင်စခန်းသို့ လာရောက်လည်ပတ် အပန်းဖြေသူများအတွက် ဝင်ကြေးမှာ တစ်ဦးလျှင်ငွေကျပ် တစ်ထောင်၊ ဆင်စီးသည့် ဝန်ဆောင်မှုတွင် ခရီးတိုဖြစ်ပါက ငွေကျပ် ၃၀၀၀ နှင့် ခရီးရှည်လျှင် ငွေကျပ် ၅၀၀၀ သတ်မှတ်ထားပြီး နိုင်ငံခြားသားလည်ပတ်သူများအတွက် ဝင်ကြေးမှာ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၊ ဆင်စီး ဝန်ဆောင်မှုအတွက် ခရီးတို/ခရီးရှည် ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားကြောင်းနှင့် ရဟန်းသံဃာတော်များနှင့် ရင်ခွင်ပိုက်ကလေးများအတွက် ဝင်ကြေးအခမဲ့ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# အိန္ဒိယနိုင်ငံ၌ ကျင်းပမည့် စက်မှုထိပ်သီးနိုင်ငံများ (ဂျီ -၂၀) အစည်းအဝေးသို့ သမ္မတဂျိုးဘိုင်ဒင် တက်ရောက်မည်



ဝါရှင်တန် ဩဂုတ် ၂၃

လာမည့်လတွင် အိန္ဒိယနိုင်ငံ၌ ကျင်းပမည့် စက်မှုထိပ်သီးနိုင်ငံများ (ဂျီ -၂၀) အစည်းအဝေးသို့ သမ္မတဂျိုးဘိုင်ဒင် တက်ရောက်မည်ဟု အမေရိကန်အစိုးရက ယမန်နေ့က ပြောကြားသည်။

**သွားရောက်မည်**

ဂျိုးဘိုင်ဒင်သည် (ဂျီ -၂၀) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် မြို့တော်နယူးဒေလီသို့ စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ သွားရောက်မည်ဖြစ်ကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်က ယမန်နေ့တွင် ပြောကြားသည်။

ဂျိုးဘိုင်ဒင်နှင့် ဂျီ -၂၀ မိတ်ဖက်နိုင်ငံများသည် သန့်ရှင်းသောစွမ်းအင်အသွင်ကူးပြောင်းမှုနှင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ခြင်းအပါအဝင် ကမ္ဘာလုံးဆိုင်ရာ ပြဿနာများ ကိုင်တွယ်ဖြေရှင်းရန် ပူးပေါင်းကြိုးပမ်းမှုများကို ဆွေးနွေးမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

ဂျီ -၂၀ ခေါင်းဆောင်များသည် ရုရှား-ယူကရိန်း အရေးကြောင့် ထိခိုက်သွားသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို ကောင်းမွန်စွာ ကိုင်တွယ်ထိန်းညှိရန် မဟာဗျူဟာချမှတ်မှုများကို အလေးပေးဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျိုးဘိုင်ဒင်သည် ၎င်း၏ခရီးစဉ်အတွင်း နှစ်နိုင်ငံတွေ့ဆုံပွဲ အများအပြားကျင်းပမည်ဖြစ်ကြောင်း သိရသည်။ သို့သော် မည်သည့်နိုင်ငံခေါင်းဆောင်များဖြင့် သီးသန့်တွေ့ဆုံပွဲများ ကျင်းပမည်ကို အသေးစိတ်မသိရသေးပေ။

ဂျိုးဘိုင်ဒင်က တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် သီးသန့်တွေ့ဆုံမည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် လာမည့်လအစောပိုင်းတွင် ကျင်းပမည့် အရှေ့တောင်အာရှ နိုင်ငံများအသင်းနှင့် အရှေ့အာရှ ထိပ်သီးအစည်းအဝေးသို့ ဒုတိယသမ္မတ ကင်မလာဟဲရစ် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အီရန်နိုင်ငံမှ အာဖဂန် ဒုက္ခသည်ပေါင်း ၂၃၀၈ ဦး အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာ

ကဘူးလ် ဩဂုတ် ၂၃

အိမ်နီးချင်း အီရန်နိုင်ငံမှ အာဖဂန်နစ္စတန်သို့ ပြန်လာသည့် အာဖဂန်ဒုက္ခသည်ပေါင်း ၂၃၀၈ ဦးရှိကြောင်း အာဖဂန်ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေး ဝန်ကြီးဌာနက ယနေ့ကြေညာချက် ထုတ်ပြန်သည်။

အဆိုပါ အာဖဂန်ပြည်သူများသည် အီရန်နိုင်ငံ၌ နှစ်ပေါင်းများစွာ ဒုက္ခသည်များအဖြစ် နေထိုင်ခဲ့ပြီးနောက် ၎င်းတို့၏ မွေးရပ်မြေသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

**ကြေညာချက်တွင် ဖော်ပြထား**

အာဖဂန်အစိုးရက နိုင်ငံအတွင်းသို့ ဒုက္ခသည်များ ပြန်လည်ခေါ်ဆောင်ရေးလုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်နေကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ဩဂုတ် ၂၁ ရက်တွင် အီရန်မှ အာဖဂန်နစ္စတန်သို့ အာဖဂန်ဒုက္ခသည် ၂၄၈၂ ဦး ပြန်လာခဲ့ကြောင်း အာဖဂန်ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေး ဝန်ကြီးဌာနက ဆိုသည်။

အာဖဂန်ဒုက္ခသည် ၆၀၀၀၀ ကျော်သည် ဇန်နဝါရီလမှစပြီး အီရန်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လာခဲ့ကြောင်း သိရသည်။

မှတ်ပုံတင်ထားသော အာဖဂန်ဒုက္ခသည် ၂ ဒသမ ၅ သန်းကျော်သည် အီရန်နိုင်ငံ၌ နေထိုင်လျက်ရှိပြီး အလားတူအာဖဂန်ဒုက္ခသည်အရေအတွက်မှာ ပါကစ္စတန်နိုင်ငံတွင်လည်း နေထိုင်လျက်ရှိကြောင်း သိရသည်။

အာဖဂန် အိမ်စောင့်အစိုးရသည် ပြည်ပတွင်နေထိုင်လျက်ရှိသည့် အာဖဂန်ဒုက္ခသည်များကို နေရပ်ပြန်ရန်နှင့် နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီရန် တောင်းဆိုထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၏ ချန်ဒရာရန်- ၃ အာကာသယာဉ် လမျက်နှာပြင်ပေါ် ဆင်းသက်

နယူးဒေလီ ဩဂုတ် ၂၃

အိန္ဒိယနိုင်ငံ၏ ချန်ဒရာရန်- ၃ အာကာသယာဉ်သည် ဩဂုတ် ၂၃ ရက် ည ၆ နာရီ ၄ မိနစ်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ခဲ့ကြောင်း အိန္ဒိယအာကာသသုတေသနအဖွဲ့ (ISRO) က ပြောကြားခဲ့သည်။

၎င်းအာကာသယာဉ်ဆင်းသက်သည့်နေရာသည် လ၏ တောင်ဝင်ရိုးစွန်းအနီးတွင်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ပြီးလျှင် လပေါ်သို့ ဆင်းသက်နိုင်သည့် စတုတ္ထမြောက်နိုင်ငံ ဖြစ်လာခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီက နိုင်ငံ၏ သိပ္ပံပညာဆိုင်ရာ အသိုက်အဝန်းနှင့် ၎င်း၏ဝန်ထမ်းများအား ချီးကျူးဂုဏ်ပြုခဲ့သည်။

၎င်းမစ်ရှင်ကို ဇူလိုင် ၁၄ ရက်က လွှတ်တင်ခဲ့သည်။ ချန်ဒရာရန်-၃ အာကာသယာဉ်ကို လကမ္ဘာပေါ်သို့ အောင်မြင်စွာလွှတ်တင်နိုင်သည့်အတွက် အိန္ဒိယသိပ္ပံသုတေသနအဖွဲ့ဝင်များအား ချီးကျူးဂုဏ်ပြုကြောင်းနှင့် နိုင်ငံအတွက်သမိုင်းဝင်သည့် အောင်မြင်မှုဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ သည်တိုင်းစ်အော့ဖ်အိန္ဒိယ**
**ဘာသာပြန် - စိုးသူရ**




# ကမ္ဘောဒီးယားအစိုးရသစ်က နိုင်ငံအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှု အများအပြားဆောင်ကြဉ်းလာနိုင်ကြောင်း တာဝန်ရှိသူ ပြောကြား

ဖနောင်ပင် ဩဂုတ် ၂၃

ကမ္ဘောဒီးယား တော်ဝင်အစိုးရသစ်ဖွဲ့စည်းလိုက်ခြင်းဖြင့် နိုင်ငံအတွက် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ အများအပြားရောက်ရှိလာနိုင်ပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည်ဖြစ်ကာ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ စက်မှု၊ သိပ္ပံနှင့် နည်းပညာ၊ တီထွင်ဆန်းသစ်မှု ဝန်ကြီးဌာန အတွင်းဝန် ဟန်ဆော့ကင်က ပြောကြားသည်။

နိုင်ငံအတွင်းငြိမ်းချမ်းမှုရှိခြင်း၊ နိုင်ငံရေးအရ တည်ငြိမ်မှုရှိခြင်း၊ လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေသစ်ရှိခြင်းတို့ကြောင့် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးအတွက် အလားအလာကောင်းများ ရှိလာခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဒေသတွင်း လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် (RCEP) နှင့် ကမ္ဘောဒီးယား-တရုတ် လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်တို့သည် ယမန်နှစ်အစောပိုင်းတွင် အသက်ဝင်ခဲ့ပြီး ကမ္ဘောဒီးယား - ကိုရီးယား လွတ်လပ်စွာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်သည် ယမန်နှစ် ဒီဇင်ဘာလတွင် အသက်ဝင်ခဲ့သည်။



လက်ရှိ အဓိကကုန်သွယ်ဖက်နိုင်ငံများနှင့် ရရှိခဲ့သည့်လွတ်လပ်စွာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များသည် လာမည့်နှစ်များအတွင်း ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာ၌ အဆင်ပြေချောမွေ့စေရေး အကူအညီပေးမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ လင်ဟန်းက ပြောကြားသည်။ အစိုးရသစ်သည် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များမှတစ်ဆင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးမည်ဟု ပုဂ္ဂလိကကဏ္ဍမှ ယုံကြည်နေကြောင်းလည်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ကမ္ဘောဒီးယားသည် ယခုနှစ် ပထမနှစ်ဝက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ပုံသေရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၁၁၃ ခုကို ဆွဲဆောင်နိုင်ခဲ့ပြီး အလုပ်အကိုင်သစ် ၁၂၂၀၀၀ ခန့် ဖန်တီးပေးခဲ့ကြောင်း ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၏ အစီရင်ခံစာအရ သိရသည်။

**ကိုးကား–ခမာတိုင်းစ်**
**ဘာသာပြန်–စိုးသူရ**

# မလေးရှားနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုဆိုင်ရာဖြစ်စဉ်များ ဖြစ်ပွားခြင်းကြောင့် သီးနှံထုတ်လုပ်မှု ကျဆင်း

ကွာလာလမ်ပူ ဩဂုတ် ၂၃

မလေးရှားနိုင်ငံ၌ ကမ္ဘာကြီးပူနွေးလာမှု အပါအဝင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းစသည့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဖြစ်စဉ်များကြောင့် သီးနှံထုတ်လုပ်မှုကျဆင်းကာ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

၁၉၇၀ ပြည့်နှစ်လွန်များအတွင်း နိုင်ငံ၏ မြို့တော် ကွာလာလမ်ပူအပါအဝင် နိုင်ငံအတွင်းရှိ နေရာဒေသအများအပြားတွင် တစ်နှစ်ပတ်လုံး အပူချိန် ပမာဏအနည်းငယ်သာ ပူပြင်းခဲ့သော်လည်း လက်ရှိအချိန်တွင် အပူချိန်များမြင့်တက်ကာ မိုးရွာသွန်းမှု လျော့နည်းလာသည်။

ထို့ပြင် နိုင်ငံအတွင်း သစ်တောများမီးလောင်ခြင်းကို မတားဆီးနိုင်ပါက မီးခိုးမြူများဖုံးလွှမ်းမည့် အခြေအနေကို ထပ်မံခံစားရမည်ဖြစ်သည်။ ထို့နောက် နိုင်ငံအတွင်း အပူချိန်မြင့်တက်ခြင်းနှင့် မိုးခေါင်ရေရှားခြင်းတို့ကလည်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းစေသည့် အကြောင်းရင်းများဖြစ်သည်။ ယင်းနောက် အာရှဒေသအတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကမ္ဘာပေါ်တွင် ဆီအုန်းထုတ်လုပ်သည့် စျေးကွက်၏ ၈၀ ရာခိုင်နှုန်းမျှရှိသည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းနိုင်ကြောင်း သိရသည်။

ရာသီဥတုဆိုင်ရာ ပြဿနာများကြောင့် နိုင်ငံ၏ စားအုန်းဆီထုတ်လုပ်မှုသည် လာမည့်နှစ်တွင် တန်ချိန် သုံးသန်းခန့် ကျဆင်းသွားနိုင်ကြောင်း မလေးရှားနိုင်ငံ စားအုန်းဆီဘုတ်အဖွဲ့အကြီးအကဲက ပြောကြားသည်။

**ကိုးကား – စီဂျီတီအင်န်**
**ဘာသာပြန် – စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ei Ei Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၅)ရပ်ကွက်နေ အိအိစိုးအား မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ သိမ်းဆည်းထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က လားရှိုးမြို့ ရပ်ကွက်(၆) နယ်မြေ(၁) လမ်းမတော်လမ်းရှိ Sunny ဟိုတယ်၌ ရပ်တန့်ထားသော လိုင်စင်မဲ့ Toyota Mark II ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ချမ်းမြသာစည်မြို့နယ် ၁၀၇ လမ်း (၅၀x၅၁) လမ်းကြားရှိ ဂိုဒေါင်အား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Warm Clothing အထည် ၁၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဩဂုတ် ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ EMS အပြည်ပြည်ဆိုင်ရာအမြန်ချောပို့ လုပ်ငန်းတွင် Drone ပစ္စည်းများ ရောက်ရှိနေကြောင်း သတင်းအရ Australia မှ Yangon သို့ ပေးပို့သော အမြန်ချောထုပ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Drone X pro (Drone with Battery) တစ်ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော 100% Polyster ၂၄၃၉၈ ဒသမ ၁၄ မီတာ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၅၂၁၄၃၆)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာများအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် Super Grap–Synthetic Grip Wrap ၄ ဒသမ ၀၄ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆၃၁၆၇)နှင့် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Remote Controlled Toys With Battery Pad ၄၂၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၉၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၂၃၈၃၆၀၃ ကို သိမ်းဆည်းရမိခဲ့ကာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



EMS အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၂ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၃၈၃၆၀၃)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကံမမြို့နယ်၌ ဆာဖိုးသာစပါးဧက ၁၀၀ စံပြကွက်တွင် ဥကပ်ပါးနဂျီကတ်များချိတ်ဆွဲ၍ စုပေါင်းလွှတ်ပေး

ကံမ ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ ကံမမြို့နယ် ကျောက်မဲကျေးရွာရှိ တစ်ဧကတင်း ၁၀၀ ထွက်ရှိရေး ဆာဖိုးသာစပါးဧက ၁၀၀ စံပြကွက်တွင် ဓာတုပိုးသတ်ဆေး သုံးစွဲမှုလျှော့ချရေးနှင့် ဘက်စုံဖျက်ပိုး ကာကွယ်နှိမ်နင်းရေး ဥကပ်ပါးနဂျီကတ်များချိတ်ဆွဲ၍ စုပေါင်းလွှတ်ပေးခြင်း အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ကံမမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းငွေးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်စိုးက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ဥကပ်ပါးနဂျီအသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဥကပ်ပါးနဂျီကတ်များ ချိတ်ဆွဲခြင်းဖြင့် လိပ်ပြာဖလံမျိုးရင်းဝင်ဖျက်ပိုးများကို ဥအဆင့်မှာပင် ဆောလျင်စွာနှိမ်နင်းနိုင်ခြင်း၊ ပိုးသတ်ဆေးသုံးစွဲမှုကိုလျှော့ချနိုင်ခြင်း၊ အကျိုးပြုအင်းဆက်များထိခိုက်မှုမရှိနိုင်၍ အကျိုးပြုအင်းဆက်များတိုးပွားလာပြီး ပတ်ဝန်းကျင်သဘာဝဂေဟစနစ် မျှတစေခြင်း၊ လူနှင့်ပတ်ဝန်းကျင် အဆိပ်သင့်မှု ၊ ညစ်ညမ်းမှုတို့ကို လျှော့ချနိုင်ခြင်း၊ စိုက်ပျိုးထွက်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်ပါဝင်မှု လျှော့ချနိုင်ခြင်း၊ ဖျက်ပိုးများ ပိုးသတ်ဆေးဒဏ်ခံနိုင်ရည်ရှိလာခြင်း ပြဿနာကို ကျော်လွှားနိုင်ခြင်း၊ ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ကုန်ကျစရိတ်သက်သာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

ယင်းနောက် ဥကပ်ပါးနဂျီကတ်များကို ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ ကံမမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က တောင်သူများလက်ဝယ်အရောက် ပေးအပ်ကာ တောင်သူများနှင့်အတူ ဧက ၁၀၀ စံပြကွက်အတွင်း ကွင်းဆင်း၍ လက်တွေ့ချိတ်ဆွဲကာ စုပေါင်းလွှတ်ပေးခဲ့ကြောင်း သိရသည်။

ကျော်ဇင်အောင်(စိုက်ပျိုးရေး)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၈-၂၀၂၃ ကြာသပတေးနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဓမ္မသုတ်)
၀၆:၄၀ စုဒ္ဓသမတီပိဋကဓရတိပိဋကကောဝိဒတိပိဋကကမ္မောဇဆရာတော် ဘဒ္ဒန္တဝိရိယာနန္ဒ၏ ထေရုပတ္တိမှတ်တမ်း(အပိုင်း-၃)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် CGTN ရုပ်မြင်သံကြားဌာနတို့ တွေ့ဆုံမေးမြန်းမှု အစီအစဉ်
၀၉:၁၀ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
၀၉:၄၀ NRC အစီအစဉ် (တနင်္သာရီ)
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သရေခေတ္တရာ ပျူမြို့ဟောင်းဆီသို့
၁၃:၃၀ MRTV National News
၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း' (အပိုင်း-၃)
၁၆:၃၅ မျိုးဗုဇ်တင့်စေဆိုကရေးတီးအမွေ
၁၇:၁၅ Soccer View
၁၇:၃၀ လူမှုစီးပွားသတင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ New Future Program
၁၉:၀၀ မြန်မာဇာတ်လမ်းတွဲ 'ချွန်တွန်းနှင့် အဖိနှိပ်ရအပေါင်ဆိုင်' (အပိုင်း-၅)
၁၉:၃၀ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် CGTN ရုပ်မြင်သံကြားဌာနတို့ တွေ့ဆုံမေးမြန်းမှု အစီအစဉ်
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၅)

### mitv

07:01 Evergreen Classic Awayyar Horntu (Sein Lei Lei)
07:08 Atuladhipati Mahamunisacca Koe Htat Kyee Pagoda
07:25 Myanmar Masterclass: Artist Hla Phone Aung
07:38 A Visit to Yangon's Coastal Area
08:01 News
08:27 Healthy Diet: Keto Diet
08:36 Xylophones' Home
09:01 Discovering Tribes: Da Nu (Their Life and Customs) Part 2
09:21 Myanmar Traditional Cart Business
09:43 Ecotourism: Tamu And Hand Washing Lake
10:01 News
10:27 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-1)

### MRTV NRC

မွန် (၀၆:၀၀ မှ ၀၈:၀၀)
ပေဟင်ထက်ကဇီဝမိုးငှက်ငယ်
ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)
မဟာ်ငါးပါးဘုရားပူးကြပယ်
ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)
တိုင်းခင်ဖုံရှမ်း တိုင်းရင်းသားတို့၏ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ
ဝ (၁၂:၀၀ မှ ၁၄:၀၀)
ကျိုင်းတုံမြို့ရဲ့အထင်ကရနေရာများ(အပိုင်း-၁)
ကချင် (၁၄:၀၀ မှ ၁၆:၀၀)
ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ
ကယား (၁၆:၀၀ မှ ၁၈:၀၀)
ပန်ပက်ကျေးရွာမှကယန်းတိုင်းရင်းသားများ
စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)
တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်တဲ့ငွေနှင်းမှို
အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)
ကရင်ငါးဆုပ်ဆန်လှော်ဟင်းနှင့်ဆန်လှော်ကြော်
အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)
စာပေစကားပြောကြရအောင်(အပိုင်း-၄)
ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)
ရာသီပန်းများနှင့်ဖလမ်းမြို့
ချင်း(ချိုး) (၂၂:၀၀ မှ ၂၃:၀၀)
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည်(အပိုင်း-၁)

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
၁၀:၁၅ SPORTS MAX (Part-28)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၉:၁၅ ယူနန်ရဲ့ဟုန်ဒေသ(အပိုင်း-၄)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၇)

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၃၅ ကျန်းမာခြင်းဆုလာဘ်ကိုပိုင်ဆိုင်ဖို့ အာဟာရပြည့်ဝတဲ့ နှစ်ရှည်သီးနှံတွေ စိုက်ပျိုးထုတ်လုပ်စားသုံးစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ Last Day of Wheat Harvest!
၁၈:၃၀ ကျွန်မခင်ပွန်း၏လျှို့ဝှက်ချက်(အပိုင်း-၆)
၁၉:၀၀ အမေမဟုတ်သောမိခင်များ(အပိုင်း-၂)
၂၂:၀၀ လုတောသားနဲ့ယောကျ်ာမလောင်း(အပိုင်း-၁)
၂၃:၀၀ City of the Future: Singapore - Full Episode | National Geographic

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Sports Max
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၈:၄၀ ရွှေခေတ်ရောက်ခဲ့သည့်ပြေးခုန်ပစ် အားကစား

SCAN ME
Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဒေသတွင်းပတ်ဝန်းကျင်အခင်းအကျင်းများကို ရှုမျှော်လေ့လာကြည့်သော . . . . .

→ မောင်ကမ္ဘာ ←

ဒေသတွင်းပတ်ဝန်းကျင်နိုင်ငံတွေရဲ့ အခင်းအကျင်းကို ရှုမျှော်လေ့လာကြည့်ရင် နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဖို့၊ ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့၊ ဒေသဖွံ့ဖြိုးတိုးတက်ဖို့၊ အနာဂတ်မူဝါဒကိုယ်စီနဲ့ တီထွင်ကြံဆ ကြိုးပမ်းအားထုတ်နေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်ရာမှာ လူဦးရေသန်းပေါင်း ၁၃၀၀ ကျော်ရှိတဲ့ တရုတ်ပြည်ဈေးကွက်ကြီးကို ဗဟိုပြုပြီး ဆောင်ရွက်နေကြတာဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံက အခုနှစ် ဇန်နဝါရီလမှမေလအတွင်း ဒူးရင်းသီးတန်ချိန် ၆၅၀၀၀ ကျော် တင်ပို့ခဲ့ရာမှာ ၉၇ ရာခိုင်နှုန်းကို တရုတ်နိုင်ငံကို တင်ပို့ရောင်းချခဲ့တာဖြစ်ပြီး ၂၀၂၂ ခုနှစ်က စုစုပေါင်းတင်ပို့မှုထက် ၄၁ ရာခိုင်နှုန်းတိုးမြင့်လာတယ်လို့ ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါတယ်။



ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်ပြီး ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ် ယဉ်ကျေးမှုနယ်မြေတွင် တည်ဆောက်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်။

တရုတ်နိုင်ငံဟာ အပူပိုင်းသစ်သီးတွေကို ကြိုက်နှစ်သက်တဲ့အတွက် ယမန်နှစ်က ဗီယက်နမ်နိုင်ငံက ဒူးရင်းသီးတန်ချိန် ၈၂၅၀၀၀ တင်ပို့ခဲ့ကြောင်း တရုတ်အကောက်ခွန်ဌာန အချက်အလက်တွေအရ သိရပါတယ်။ ဗီယက်နမ်နိုင်ငံက ၂၀၂၃ ခုနှစ်မှာ ဒူးရင်းသီးတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိရရှိနိုင်ကြောင်း ခန့်မှန်းထားပါတယ်။

အိမ်နီးချင်းထိုင်းနိုင်ငံကလည်း တရုတ်ခရီးသွားဧည့်သည်အမြောက်အမြား ဝင်ရောက်လာမှုကြောင့် ယခုနှစ်မှာ ထိုင်းခရီးသွားလုပ်ငန်းပြန်လည်ကောင်းမွန်လာတယ်လို့ ဆိုပါတယ်။

ဇန်နဝါရီလမှ ဧပြီလအတွင်း တရုတ်ခရီးသွားဧည့်သည်ဦးရေ ၇၃၇၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ရာမှာ ယမန်နှစ် အလားတူကာလထက် အဆပေါင်း ၃၀ ရှိကြောင်း Kasikorn သုတေသနစင်တာက လက်ထောက်မန်နေဂျင်းဒါရိုက်တာ Kevalin က ပြောပါတယ်။

**နေ့စဉ်ပျမ်းမျှ တရုတ်ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ တစ်သောင်းခန့်ရှိ**

ယခင်နှစ်က ကိုဗစ်-၁၉ ကန့်သတ်ချက်တွေကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့ပြီးနောက် အခုလို မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ပြီးခဲ့တဲ့ ဧပြီလအထိ နေ့စဉ်ပျမ်းမျှ တရုတ်ခရီးသွား ဧည့်သည် ဝင်ရောက်မှုမှာ တစ်သောင်းခန့်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် တရုတ်ခရီးသွားဧည့်သည်အရေအတွက်က ကပ်ရောဂါမဖြစ်ခင်ကလို အမြင့်ဆုံးဖြစ်လာနိုင်မယ်လို့လည်း ၎င်းကခန့်မှန်းခဲ့ပါတယ်။

တရုတ်ခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်ဖို့ဆွဲဆောင်ရာမှာ အိမ်နီးချင်း ထိုင်းနိုင်ငံတစ်နိုင်ငံတည်းမဟုတ်ပါဘူး။ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ အင်ဒိုနီးရှားစတဲ့ အရှေ့တောင်အာရှနိုင်ငံတွေ အားလုံးနီးနီးပါ။

မြန်မာနိုင်ငံက လန်ချန်း-မဲခေါင် ခရီးသွားလာရေးမြို့များပူးပေါင်းဆောင်ရွက်ရေး သမဂ္ဂ (Lancang–Mekong Tourism Cities Cooperation Alliance)စတဲ့ ပလက်ဖောင်းတွေကိုအသုံးပြုပြီး တရုတ်ခရီးသွားတွေ မြန်မာနိုင်ငံကို လာရောက်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့ စာရင်းအရ ၂၀၁၉ ခုနှစ်က မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ နိုင်ငံခြားခရီးသည်ဦးရေ လေးသန်းကျော်အနက် တရုတ်ခရီးသည်ဦးရေက တစ်သန်းကျော်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၃၂ ရာခိုင်နှုန်းဖြစ်ကြောင်း သိရပါတယ်။

ပထဝီအနေအထားအရလည်း တရုတ်နိုင်ငံဟာ မြန်မာရဲ့မီးခိုးကင်းစင်သော စက်မှုလုပ်ငန်းဖြစ်တဲ့ ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးမှာ အားကိုးမှုအရှိဆုံးဈေးကွက်တစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံကတော့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး အန်ကောဝပ်ယဉ်ကျေးမှုနယ်မြေမှာ တည်ဆောက်နေတဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကို လာမယ့် အောက်တိုဘာလအတွင်း စတင်ဖွင့်လှစ်တော့မယ်လို့ဆိုပါတယ်။

တရုတ်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုနဲ့ ၂၀၂၀ ပြည့်နှစ်မတ်လက စတင်တည်ဆောက်ခဲ့တဲ့ လေဆိပ်သစ်ဟာ အန်ကောဝပ်ယဉ်ကျေးမှုနယ်မြေရဲ့ကီလိုမီတာ ၄၀၊ မိုင်အားဖြင့် ၂၄ မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။

လာအိုနိုင်ငံကတော့ တရုတ်-လာအို မီးရထားလမ်းကြောင့် စီးပွားရေးအကျိုးအမြတ်တွေ ပိုထွက်လာတယ်လို့ ဆိုပါတယ်။ နှစ်နိုင်ငံခရီးသွားလုပ်ငန်း၊ ကုန်စည်ဖလှယ်ရေးသာမက ထိုင်းနိုင်ငံက တရုတ်ကိုပို့တဲ့ သစ်သီးစုစုပေါင်း ၇၀ ရာခိုင်နှုန်းကိုလည်း တရုတ်-လာအို မီးရထားလမ်းကတစ်ဆင့် တင်ပို့ပေးလျက်ရှိကြောင်း သိရပါတယ်။

တရုတ်-လာအို မီးရထားလမ်းဝန်ဆောင်မှု စတင်ခဲ့ပြီးနောက်ပိုင်း လာအိုနိုင်ငံအတွင်းကို လာရောက်လည်ပတ်သူတွေ ပိုမိုများပြားလာပြီး အခုနှစ် ပထမခြောက်လ ကာလအတွင်း ခရီးသွားဧည့်သည် ၁ ဒသမ ၆ သန်းကျော် ဝင်ရောက်ခဲ့တဲ့အတွက် နိုင်ငံခြားသား ခရီးသွားအရေအတွက် သိသိသာသာ မြင့်တက်ခဲ့တယ်လို့ ဆိုပါတယ်။ ဇူလိုင်လအတွင်းက ထုတ်ပြန်တဲ့အချက်အလက်တွေအရ ထိုင်းနိုင်ငံက ၆၆၈၅၉၅ ဦးနဲ့ အများဆုံးလာရောက်လည်ပတ်ခဲ့ပြီး ဗီယက်နမ်နိုင်ငံက ၃၉၈၉၃၇ ဦး၊ တရုတ်နိုင်ငံက ၃၁၇၆၀၄ ဦး လာရောက်လည်ပတ်ခဲ့ကြတယ်လို့ သိရပါတယ်။

၂၀၂၃ ခုနှစ်အတွင်း လာအိုနိုင်ငံကို တရုတ်ခရီးသွားဧည့်သည် ၃၆၈၀၀၀ ခန့် ဝင်ရောက်မယ်လို့ လာအိုအာဏာပိုင်တွေက မျှော်မှန်းထားပြီး ပြီးခဲ့တဲ့နှစ်ကထက် ၂၀ ရာခိုင်နှုန်း မြင့်တက်မယ်လို့လည်း မျှော်လင့်ထားပါတယ်။

**တရုတ်ကုမ္ပဏီပေါင်း ၁၄၀၀ ကျော်က လာရောက်ရင်းနှီးမြှုပ်နှံ**

ဒါ့အပြင် တရုတ်-လာအိုမီးရထားလမ်းဖွင့်ပြီး တစ်နှစ်ကျော်အတွင်းမှာပဲ မြို့တော် ဗီယန်ကျင်းမှာ တရုတ်ကုမ္ပဏီပေါင်း ၁၄၀၀ ကျော်က လာရောက်ရင်းနှီးမြှုပ်နှံခဲ့တဲ့အတွက် လာမယ့်ဆယ်စုနှစ်များအတွင်း ဗီယန်ကျင်းဟာ အရှေ့တောင်အာရှမှာ တိုးတက်အစည်ကားဆုံး မြို့တစ်မြို့ဖြစ်လာနိုင်တယ်လို့လည်း လေ့လာသူတွေက သုံးသပ်ခဲ့ကြပါတယ်။

**အလုပ်အကိုင်အခွင့်အလမ်းပေါင်း ငါးသိန်းခွဲနီးပါး**

အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း လမ်း၊ တံတား၊ ရထားလမ်းနဲ့ စွမ်းအင်ကဏ္ဍတွေအပြင် မိလ္လာနဲ့ရေဆိုးသန့်စင်ရေး၊ ရေမျက်နှာပြင်ထိန်းသိမ်းရေးနဲ့ အဆောက်အအုံထိန်းသိမ်းမှု ဖွံ့ဖြိုးရေးစတဲ့ စီမံကိန်းတွေကို တရုတ်ကုမ္ပဏီတွေ လာရောက်ရင်းနှီးမြှုပ်နှံခွင့်ပေးခဲ့ပါတယ်။ တရုတ်ကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း ငါးသိန်းခွဲနီးပါး တိုးတက်လာတယ်လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ တရုတ်သံရုံးရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

အလားတူ ကမ္ဘာက အသိအမှတ်ပြုထားတဲ့ အမေရိကန်ရဲ့လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးပုံစံ (Free market economic pattern)၊ ဂျာမနီရဲ့ ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးပုံစံ (Social market economic pattern)၊

စာမျက်နှာ ၁၇ သို့ ✤

- ❍ **မြန်မာနိုင်ငံက လန်ချန်း-မဲခေါင် ခရီးသွားလာရေးမြို့များ ပူးပေါင်းဆောင်ရွက်ရေးသမဂ္ဂ (Lancang-Mekong Tourism Cities Cooperation Alliance)စတဲ့ ပလက်ဖောင်းတွေကိုအသုံးပြုပြီး တရုတ်ခရီးသွားတွေ မြန်မာနိုင်ငံကိုလာရောက်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိ**
- ❍ **တရုတ်-လာအိုမီးရထားလမ်းဖွင့်ပြီး တစ်နှစ်ကျော်အတွင်းမှာပဲ မြို့တော် ဗီယန်ကျင်းမှာ တရုတ်ကုမ္ပဏီပေါင်း ၁၄၀၀ ကျော်က လာရောက်ရင်းနှီးမြှုပ်နှံခဲ့တဲ့အတွက် လာမယ့်ဆယ်စုနှစ်များအတွင်း ဗီယန်ကျင်းဟာ အရှေ့တောင်အာရှမှာ တိုးတက်အစည်ကားဆုံး မြို့တစ်မြို့ဖြစ်လာနိုင်တယ်လို့လည်း လေ့လာသူတွေက သုံးသပ်ခဲ့ကြ**

✤ စာမျက်နှာ ၁၆ မှ
ဆိုဒင်ရဲ့လူမှုသက်သာ ချောင်ချိရေးဈေးကွက်စီးပွားရေးပုံစံ (Welfare national market economic pattern)၊ ဂျပန်ရဲ့ အစိုးရက ရှေ့ဆောင်တဲ့ပုံစံနဲ့ ဈေးကွက်စီးပွားရေးပုံစံ (government-oriented market economic pattern)တွေအနက် တရုတ်ပြည်က ဘယ်လိုစီးပွားရေးစနစ်မျိုးလဲလို့ တစ်ချိန်က မေးခွန်းထုတ်ခဲ့တဲ့ အမေရိကန်အနေနဲ့လည်း လက်ရှိမှာ တရုတ်ပြည်ရဲ့ ဆိုရှယ်လစ်စနစ်ဈေးကွက်စီးပွားရေးကို မလွန်ဆန်ရဲပါဘူး။

ထိုင်ဝမ်ရေလက်ကြားအရေးကြောင့် တရုတ်-အမေရိကန်ဆက်ဆံရေးတင်းမာနေတဲ့ လက်ရှိကာလမှာပဲ အမေရိကန်နိုင်ငံတကာငွေကြေးလုပ်ငန်းအုပ်စုတွေနဲ့ ကုမ္ပဏီကြီးတွေရဲ့ CEO တွေဟာ မကြာသေးမီ ရက်ပိုင်း၊ လပိုင်းအတွင်းက တရုတ်နိုင်ငံမှာ စုဝေးခဲ့ကြပါတယ်။ ဂျာမနီဝန်ကြီးချုပ် Olaf Scholz နဲ့ ပြင်သစ်သမ္မတ Emmanuel Macron တို့လည်း တရုတ်နိုင်ငံကို လာရောက်ခဲ့ကြပါတယ်။

အမေရိကန်ဆေးဝါးတွေနဲ့ ပဋိဇီဝဆေးတွေမှာ ပါဝင်ပစ္စည်းတွေရဲ့ ၉၀ ရာခိုင်နှုန်း၊ အဝတ်အထည် ၄၀ ရာခိုင်နှုန်းနဲ့ အီလက်ထရွန်နစ်ထုတ်ကုန် ၄၈ ရာခိုင်နှုန်းဟာ တရုတ်နိုင်ငံကဖြစ်တဲ့အတွက် အမေရိကန်အနေနဲ့ ယေဘုယျအားဖြင့် အစားထိုးလို့မရဘူးလို့ အမေရိကန် Fortune မဂ္ဂဇင်းက မေလ ၃၁ ရက်နေ့က ဖော်ပြခဲ့ပါတယ်။

**ရှန်ဟိုင်းမှာ ဒုတိယမြောက်စက်ရုံတည်ဆောက်**

Tesla ဟာလည်း တရုတ်-အမေရိကန်ဆက်ဆံရေးတင်းမာမှု မြင့်တက်လာချိန်မှာပဲ တရုတ်ဈေးကွက်ကို ဝင်ရောက်မှုတိုးမြင့်လာပြီး ရှန်ဟိုင်းမှာ ဒုတိယမြောက်စက်ရုံတည်ဆောက်မယ့် အစီအစဉ်ကို ဧပြီလက ကြေညာခဲ့ပါတယ်။

Elon Muck က ကမ္ဘာ့အကြီးဆုံးစီးပွားရေးနိုင်ငံနှစ်ခု အချိတ်အဆက်ပြတ်တောက်ပြီး ကွင်းဆက်ပြတ်သွားမှာကို ဆန့်ကျင်ကန့်ကွက်တယ်လို့ ဆိုပါတယ်။ မေလ ၃၀ ရက်နေ့က Elon Muck နဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံပြီးနောက်မှာ Tesla ရဲ့ စတော့ရှယ်ယာတွေမြင့်တက်ခဲ့တယ်လို့လည်း အမေရိကန်သတင်းဌာနတွေက ထုတ်ပြန်ခဲ့ပါတယ်။

ထို့အတူ ဂျာမနီနိုင်ငံရှိ အလုပ်အကိုင်တစ်သန်းခန့်ဟာလည်း တရုတ်နိုင်ငံသို့ တင်ပို့မှုကို မှီခိုနေရပြီး ဂျာမန်ကုမ္ပဏီပေါင်း ၅၅၀၀ ကျော်ဟာလည်း တရုတ်နိုင်ငံအတွင်းမှာ လုပ်ငန်းတွေလုပ်ဆောင်နေတယ်လို့ ဂျာမနီနိုင်ငံထုတ် Der Tagesspiegel သတင်းစာက ဆိုပါတယ်။

အနှစ်ချုပ်အားဖြင့်ကတော့ ကုမ္ပဏီအများစုက တရုတ်နိုင်ငံဟာ ကုမ္ပဏီအတွက် အရေးကြီးတဲ့ ဈေးကွက်တစ်ခုလို့ ရှုမြင်ခဲ့ကြသလို ဥရောပနိုင်ငံအများစုကလည်း ဥရောပဟာ တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှုပြုလုပ်ဖို့ အရေးတကြီးလိုအပ်နေပြီး နှစ်ဦးနှစ်ဖက် အချိတ်အဆက်ဖြတ်တောက်ဖို့ မဖြစ်နိုင်ဘူးလို့ သုံးသပ်ခဲ့ကြပါတယ်။

တကယ်တော့ တရုတ်နိုင်ငံဟာလည်း လက်ရှိအဆင့်အတန်းနဲ့ အခြေအနေမျိုးရောက်ရှိလာအောင် နှစ်ရှည်လများပိတ်ထားတဲ့ တံခါးတွေကို ဖွင့်ပြီး ပတ်ဝန်းကျင်ကို ရှုမျှော်လေ့လာသင်ယူခဲ့ခြင်းက အစပြုခဲ့တာပါပဲ။

ဆင်းရဲနွမ်းပါးတဲ့ ပြည်သူတွေရဲ့ဘဝကို ကယ်တင်ပြောင်းလဲရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေဟာ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်မှာ Industrial Park တွေထူထောင်ရန်အတွက် နိုင်ငံတကာကို သွားရောက်လေ့လာခဲ့ကြတယ်။ ဒီနောက်မှာတော့ စင်ကာပူနိုင်ငံက ဂျူရွန်စက်မှုဇုန်နဲ့ အိုင်ယာလန်က ရှန်နွန် လွတ်လပ်စွာ ကုန်သွယ်ခွင့်ရဒေသတို့ကို သဘောကျခဲ့ပြီး တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်နဲ့ ဖူးကျန့်ပြည်နယ်တွေမှာ စတင်အကောင်အထည်ဖော်ခဲ့ကြတာဖြစ်ပါတယ်။ ကနဦးမှာ နည်းပညာနိမ့်လုပ်ငန်းတွေနဲ့စတင်ခဲ့ပြီး နည်းပညာမြင့်ဇုန်နဲ့ အဆင့်မြင့်နည်းပညာဇုန်တွေကို နောက်တစ်ဆင့်မှ တက်လှမ်းလုပ်ကိုင်ခဲ့ကြတာဖြစ်ပါတယ်။

ဒါ့အပြင် တရုတ်တို့ဟာ ပြုပြင်ပြောင်းလဲရေးကို ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေးတို့နဲ့ တွဲဖက်ထားပါတယ်။ ဆိုဗီယက်ပြည်ထောင်စု၊ အရှေ့ဥရောပနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် တရုတ်ပြည် ပြုပြင်ပြောင်းလဲရေးနည်းနာဟာ စီးပွားရေးနယ်ပယ်မှ အရင်စလုပ်ခဲ့တာဖြစ်ပြီး ဒီဖြစ်စဉ်အတွင်း ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်မှုတို့ရဲ့ ဆက်စပ်မှုကို ဂရုတစိုက် ကိုင်တွယ်ဖြေရှင်းသွားခဲ့ပါတယ်။ တည်ငြိမ်မှုဟာ ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ ရှေးဦးလိုအပ်ချက်နဲ့ အာမခံချက်အဖြစ်လည်း ခံယူခဲ့ကြပါတယ်။ ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေး ဒီဝေါဟာရသုံးလုံးနဲ့ပတ်သက်ပြီး တိန့်ရှောင်ဖိန် လက်ရွေးစင်ကျမ်း တတိယတွဲရဲ့ ဆောင်းပါးတိုင်းလောက်နီးပါးမှာ သုံးသပ်ဆွေးနွေးထားသလို တိန့်ရှောင်ဖိန်အလွန် တရုတ်နိုင်ငံရဲ့ ခေါင်းဆောင်အဆက်ဆက်ကလည်း တရုတ်ပြည်ရဲ့ တည်ငြိမ်တဲ့ ပတ်ဝန်းကျင်လိုအပ်မှုကို အဆက်မပြတ် အလေးထားခဲ့ကြပါတယ်။

လက်ရှိ တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်ကလည်း **"တရုတ်အမျိုးသားတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာက အခက်အခဲပေါင်းစုံ၊ အကျပ်အတည်းပေါင်းစုံထဲကနေ ဖြတ်သန်းလာရတာဖြစ်တယ်။ ဘယ်သူကြောင့်၊ ဘယ်ဝါကြောင့်၊ ဘယ်လူပုဂ္ဂိုလ်တွေကြောင့်ဆိုပြီး အပြစ်မဆိုပါနဲ့၊ အပြစ်တင်ပုံချတာမျိုးလည်း လုပ်မနေပါနဲ့။ အဓိကသော့ချက်ကတော့ ဒီလမ်းဟာ ကိုယ့်ဘာသာကိုယ် လျှောက်လှမ်းရမယ့်လမ်းရယ်လို့ အားတက်သရော သတ်မှတ်လိုက်ပါ။ ကိုယ်ခြေထောက်နဲ့ ကိုယ်တိုင်လျှောက်လှမ်းရမယ့်လမ်းပါ။ ကျွန်တော်တို့ မြဲမြဲခိုင်မာစွာ မယိမ်းမယိုင်ဘဲ ဖြောင့်ဖြောင့်မတ်မတ် လျှောက်လှမ်းကြရပါမယ်။ အောင်မြင်မှုရောင်ခြည်က အရှေ့ဆီကနေကြိုဆိုပါလိမ့်"**လို့ တစ်ချိန်က မိန့်ကြားခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း ပြည်တွင်းအားဟာ ပြည်တွင်းမှာသာရှိတယ်လို့ခံယူပြီး အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်နဲ့ နိုင်ငံတော်သားတို့ရဲ့ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဒေသတွင်းနိုင်ငံတွေနဲ့ ကမ္ဘာ့နိုင်ငံတွေရဲ့ လက်ရှိပတ်ဝန်းကျင်အခင်းအကျင်းတွေအပေါ် မျက်စိကိုဖွင့် နားကိုစွင့်ပြီး ရှုမျှော်လေ့လာကြည့်ကြဖို့ လိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## သံတွဲမြို့နယ်သမဝါယမအသင်းစု နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

သံတွဲ ဩဂုတ် ၂၃

ရခိုင်ပြည်နယ် သံတွဲမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ရီနှင့် မြို့နယ်အဆင့် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်အေးရီတို့က အမှာစကားပြောကြားပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ဘဏ္ဍာရေးအစီရင်ခံစာကို ဦးသန်းထွန်းက လည်းကောင်း၊ အသင်းစာရင်းစစ်အဖွဲ့ အစီရင်ခံစာကို ဦးကျော်သန့်က လည်းကောင်း ဖတ်ကြားခဲ့သည်။

ဆက်လက်၍ အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ဆောင်ရွက်ခဲ့ကြပြီး အမှုဆောင်အဖွဲ့သစ်များသည် ပြည်နယ်အဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာခံယူကြကာ ဥက္ကဋ္ဌသစ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ




## " ဟာသမြို့တော် " ရယ်စရာ စင်တင်ဟာသ တစ်ခန်းရပ်အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဩဂုတ် ၂၃

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ " ဟာသမြို့တော် " ရယ်စရာ စင်တင်ဟာသ တစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

" ဟာသမြို့တော် " ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး "ဒီနေ့ ကံမကောင်းဘူး" ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်ရာ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေ့၊ ဦးတိမ်ညွန့်၊ မတူးနှင့် ဟာသပညာရှင်တို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို MRTV-HD Channel မှ ဩဂုတ် ၂၆ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဩဂုတ် ၃၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၈-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၈၀ | ၂၃၃၀ | ၂၃၂၀ | ၂၂၆၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၃၅ | ၂၃၁၀ | ၂၄၁၀ | ၂၄၂၅ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၅ | ၂၃၆၅ | ၂၃၇၀ | ၂၅၉၅ | ၃၃၁၅ |
| 95 Ron | ၂၃၉၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၀၅ | ၂၄၄၅ | ၂၄၇၀ | ၂၄၅၅ | ၂၄၃၀ | ၂၅၃၀ | ၂၅၄၅ | ၂၄၃၅ | ၂၄၅၅ | ၂၄၈၀ | ၂၄၈၅ | ၂၄၈၅ | ၂၇၁၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၂၀ | ၂၇၄၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၅ | ၂၈၂၅ | ၃၄၇၅ |
| HSD (10 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၅ | ၂၈၂၅ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၆၈ | ၂၂၄၅ |
| 95 Ron | ၂၂၈၂ | ၂၃၆၁ |
| HSD (500 ppm) | ၂၃၁၃ | ၂၃၈၉ |
| HSD (50 ppm) | ၂၃၈၇ | ၂၄၆၄ |
| HSD (10 ppm) | ၂၃၈၇ | ၂၄၆၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## အောင်လံကုန်စည်ဒိုင်၏ ပဲသီးနှံများ အရောင်းအဝယ်ဖြစ်လျက်ရှိ

မကွေး ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး အောင်လံကုန်စည်ဒိုင် နှမ်းဈေးကွက်၌ နှမ်းနက်(စမုန်) ၄၅ ပိဿာပါ တစ်အိတ်လျှင် ဩဂုတ်လ ဒုတိယပတ်တွင် ငွေကျပ် ၂၈၀၀၀၀ မှ ၃၀၀၀၀၀ ဖြင့်လည်းကောင်း၊ ဩဂုတ်လ တတိယပတ်တွင် ငွေကျပ် ၂၉၀၀၀၀ မှ ၃၁၀၀၀၀ ဖြင့် လည်းကောင်း အိတ်ရေ၁၃၅၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း အောင်လံကုန်စည်ဒိုင်မှ သိရသည်။

ပဲမျိုးစုံဈေးကွက်တွင် ဩဂုတ်လတတိယပတ် ပိဿာ ၃၀ ဝင် တစ်အိတ်ဈေးနှုန်းများမှာ မတ်ပဲ ငွေကျပ် ၇၅၀၀၀၊ ကုလားပဲ ငွေကျပ် ၉၁၀၀၀၊ ကုလားပဲ(မြကြေး) ငွေကျပ် ၉၀၀၀၀၊ ပဲတီစိမ်း ငွေကျပ် ၅၂၀၀၀-၅၆၀၀၀၊ ပဲကြီး ငွေကျပ် ၉၄၀၀၀-၉၅၀၀၀၊ မြေပဲလုံးဆန်(ဖြူ) တစ်ပိဿာလျှင် ငွေကျပ် ၇၃၅၀ ဖြစ်ပြီး ရောင်းဝယ်မှုအနေဖြင့် တစ်ပတ်အတွင်း ပိဿာ ၃၀ ဝင် အိတ်များဖြင့် မတ်ပဲ အိတ် ၂၂၀၊ ကုလားပဲ(H-L) အိတ် ၅၅၀၊ ကုလားပဲ (မြကြေး) အိတ် ၄၀၀၊ ပဲကြီးအိတ် ၂၈၀၊ ပဲတီစိမ်း အိတ် ၁၈၀၀၊ မြေပဲလုံးဆန် (ဖြူ) အိတ် ၁၉၀ စသည်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ နှမ်းနှင့် ပဲမျိုးစုံသီးနှံများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြောင်း အောင်လံကုန်စည်ဒိုင်မှ သိရသည်။

## မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီ ဩဂုတ် ၂၃

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိပြီး မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ဩဂုတ် ၁ ရက်မှ ၂၁ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၉ ဒသမ ၈၃၂ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၅၇၂ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၄၀၄ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်း၊ ငရုတ်သီးစိမ်း(အစို)၊ ကြက်သွန်နီ၊ ကြာဝတ်ဆံအခြောက်၊ ကွမ်းသီး၊ CMP ပစ္စည်းများဖြစ်သည့် အမျိုးသား အမျိုးသမီးအဝတ်အထည်များနှင့် အခြားရေထွက်ပစ္စည်းများ တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်း တင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ စက်ဘီးအပိုပစ္စည်း၊ အဝတ်အထည်၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ အလှကုန်ပစ္စည်း၊ အထည်ချုပ်လုပ်ငန်း၊ ဆေးဝါးများ၊ ဖိနပ်၊ သစ်သီးမျိုးစုံ၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်ဆီ/ချောဆီ၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့် စက်ပစ္စည်းကိရိယာများ၊ ယာဉ်/ ယန္တရားစက်ပစ္စည်းများနှင့် အိမ်သုတ်ဆေးတို့ တင်သွင်းနိုင်ခဲ့သည်။

ယခုအခါ ထိုင်းနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းများအား တွင်ကျယ်စွာဆောင်ရွက်လာမှုနှင့်အတူ အသုံးပြုရန်လိုအပ်ချက်ကြောင့် စားသောက်ကုန်ပစ္စည်း ကုန်ကြမ်းဝယ်လိုအားမြင့်တက်နေ၍ လတ်တလောကာလများတွင် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ငွေဈေးနှုန်းအနေဖြင့် ယခုအပတ်တွင် ၁၀၅ ဒသမ ၂၆ ကျပ် ဖြစ်ကြောင်း သိရသည်။

## နတ်တလင်းမြို့နယ်အတွင်းဖြစ်ပေါ်နေသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများ

ပဲခူး ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်း မိုးသီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ မိုးရာသီကာလတွင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို ဝယ်ယူသုံးစွဲချိန်ဖြစ်သည့်အတွက် ဩဂုတ်လတတိယပတ်တွင် နတ်တလင်းမြို့နယ်၌ ဖြစ်ပေါ်နေသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများမှာ ဩဘာယူရီးယား(လုံးသေး) ၅၀ ကီလို တစ်အိတ်လျှင် ငွေကျပ် ၇၉၀၀၀၊ ရွှေနဂါးယူရီးယား (လုံးသေး) ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၇၄၀၀၀၊ သံကွင်းတံဆိပ်တီစူပါ (တရုတ်) ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၈၇၀၀၀၊ ကွန်ပေါင်း(ကောမတ်) ဓာတ်မြေဩဇာတစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀၊ ပိုးသတ်ဆေးများမှာ မာဃမင်း(ဗီလန်ဒါ) တစ်လီတာတစ်ဘူး ငွေကျပ်၂၀၅၀၀၊ မာဃမင်း(ပီလာဖော့) တစ်လီတာတစ်ဘူး ငွေကျပ် ၄၁၅၀၀၊ ဂိုးဒင်းဆန်း(အိုမာဟော့) တစ်လီတာတစ်ဘူး



ငွေကျပ် ၂၃၀၀၀၊ NAB(ဗိုင်းရား) တစ်လီတာတစ်ဘူး ငွေကျပ် ၂၂၀၀၀ ဖြစ်ကြောင်း စိုက်ပျိုးရေးသုံးဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များမှ သိရသည်။

## ကော့သောင်း ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း ဩဂုတ် ၂၃

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်း၊ သီဟိုဠ်စေ့နှင့် ပြောင်းတို့ ဖြစ်သည်။

ဩဂုတ်၂၁ ရက်မှ ၂၂ ရက်အထိ ပို့ကုန် တန် ၁၃၅၀ (တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၁ ဒသမ ၄၈၀)၊ သွင်းကုန် ၉၇ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂၃ သန်း) စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၀၃ သန်း ဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများမှာ ဆီအုန်း တန် ၅၀၊ ရေကြည်ငါး ၃ ဒသမ ၇၆ တန်၊ ငါးစင်္ကျူ ၄ ဒသမ ၀၈ တန်၊ ငါးပုလွေ ၅၅ ဒသမ ၈၁ တန်၊ ငါးနီငယ် ၁၃၂ ဒသမ ၆၃ တန်၊ လူးစီ ၆ ဒသမ ၃၂ တန်၊ ဘေးဝါ ၃၁ ဒသမ ၃၈ တန်၊ ပလာတူး ၄၅ ဒသမ ၃၁ တန်၊ ကြိမ်မွေ့တောင်း ၄ ဒသမ ၇၂ တန် နှင့် ပုစွန် ၁ ဒသမ ၆၂ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဒီဇယ် တန် ၂၅၊ ဓာတ်ဆီ တန် ၁၀၊ ပီလောပီနံမှုန့် တန် ၃၀၊ ကားတာယာ အခု ၅၇၅၀ တို့ဖြစ်ကြောင်း သိရသည်။

စက်သုံးဆီ ဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၁၅၇၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ငွေကျပ် ၁၄၄၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းအရင်းအမြစ် စီးပွား/ကူးသန်း**

### ၂၃- ၈-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | | ၁၃၀၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၃၃၀၀ | ၉၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၇၅၀၀ | ၈၅၀၀ | ၃၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၀၀ | | ၁၆၀၀၀ | ၈၅၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၉၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀ | ၃၃၀၀ | ၈၈၀၀ | ၈၈၀၀ | ၄၅၀၀ | ၅၅၀၀ | ၆၀၀ | ၈၈၀၀ | ၆၃၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၉၅၀၀ | ၄၅၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၅၀၀၀ | ၈၈၀၀ | ၁၆၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၅၅၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၁၅၆၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၈၀၀ | | ၁၇၅၀၀ | ၇၇၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၃၇၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၄၅၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၉၈၀၀ | ၉၃၀၀ | ၄၄၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၁၀၀ | | ၁၄၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၂၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၆၀၀ | ၈၀၀၀ | ၆၀၀ | ၈၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၅၀ | | ၁၈၅၀၀ | | ၃၅၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၆၀၀ | | ၁၄၅၀၀ | ၁၀၅၀၀ | ၁၉၀၀၀ | ၃၂၀၀ | ၇၅၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၁၀၅၀၀ | ၂၂၀၀၀ | ၂၈၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၈၀၀ | ၉၈၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၁၄၅၀၀ | ၈၇၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၆၀၀ | ၇၇၀၀ | ၇၇၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၃၀၀၀ | ၁၇၀၀၀ | ၂၃၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၄၅၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၇၅၀ | | ၁၄၀၀၀ | ၁၀၅၀၀ | ၂၅၀၀၀ | ၃၇၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၆၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၈၅၀၀ | ၈၅၀၀ | | ၇၀၀၀ | ၄၅၀ | ၉၅၀၀ | ၆၅၀၀ | ၃၃၀၀ | ၂၈၀၀ | ၃၆၅၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၇၀၀၀ | ၁၀၀၀၀ | ၁၉၀၀၀ | ၂၇၀၀ | ၈၂၀၀ | ၈၅၀၀ | ၄၂၀၀ | ၅၀၀၀ | ၄၀၀ | ၇၂၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၇၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၈၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၂၀၀ | ၄၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၂၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၅၀၀၀ | ၄၆၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၀၀၀၀ |

မှတ်ချက်။ (၁) ညှော်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံနှင့် ထားဝယ်တွင် ၅၀ကျပ်၊ ဟားခါးတွင် ၁၂၅၀ကျပ်၊ ကလေးတွင် ၂၀၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် ကလေးတွင် ၂၀၀ကျပ်၊ ပေါ်ဆန်းဆန် တစ်ပြည်လျှင် ရန်ကုန်တွင် ၆၀ကျပ်၊ မုံရွာတွင် ၇၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀ကျပ်၊ ပဲခူးတွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ကလေးတွင် ၅၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် လှိုင်ကော်နှင့် ဟားခါးတွင် ၅၀၀၀ကျပ်၊ ထားဝယ်တွင် ၂၀၀၀ကျပ်၊ စစ်တွေတွင် ၅၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံ၊ မြိတ်နှင့် မော်လမြိုင်တွင် ၃၀၀ကျပ်၊ ရန်ကုန်တွင် ၅၀၀ကျပ်၊ မုံရွာတွင် ၉၀၀ကျပ်၊ ပခုက္ကူနှင့် ပြည်တွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပြည်တွင် ၁၀၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ကလေးတွင် ၅၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် လှိုင်ကော်နှင့် စစ်တွေတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မကွေးတွင် ၅၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် စစ်တွေတွင် ၃၀၀ကျပ်၊ မကွေးတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မကွေးတွင် ၅၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀ကျပ်၊ မကွေးတွင် ၃၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀ကျပ်၊ ဟားခါးတွင် ၁၀၀၀ကျပ်၊ မကွေးတွင် ၅၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် လားရှိုးတွင် ၂၀၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် မုံရွာတွင် ၅၀၀ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်စ) နှင့် ချင်း တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် ဘားအံတွင် ၃၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

## ၂၃-၈-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၂၁၆။ | ဒုတိယဗိုလ်မှူးကြီးခင်မောင်တိုး(ငြိမ်း) နှင့်ဇနီး ဒေါ်ညွန့်တင်၊ (သားကြီး)ဗိုလ်မှူးချုပ်ထူးမြတ်တိုးနှင့်ဇနီး ဒေါ်ဇင်ဝင်းသန်း၊ (မြေးကြီး)မောင်ကြယ်စင်လင်းထူး၊ (သားငယ်)ဦးရဲရင့်မြတ်တိုးနှင့်ဇနီး ဒေါ်ဧကရီကျော်၊ (မြေးငယ်)မောင်မြတ်ဘုန်းပြည့်စုံမိသားစုကောင်းမှု | ၂၈၀၀၀၀၀ |
| ၅၂၁၇။ | ဦးကောင်းမြတ်စိန်နှင့်ဇနီး ဒေါ်မွန်မွန်ခင် မိသားစုကောင်းမှု | ၁၆၀၀၀၀၀ |
| ၅၂၁၈။ | ဒေါ်ခင်အေးနိုင်မိသားစုကောင်းမှု | ၇၀၀၀၀၀ |
| ၅၂၁၉။ | ဦးကျော်စိန်(ရွှေမိုးယံကုမ္ပဏီ)မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၂၂၀။ | ဦးသိန်းဝင်း(ပန်းနုရောင်စိုက်ပျိုးရေးဆေးဆိုင်) မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၂၂၁။ | ဦးမြဟန်(မြရတနာသစ်)မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၂၂၂။ | ဆရာတော် ဦးဝိစိတ္တသာရနှင့် ဒါယကာ၊ ဒါယိကာမများ ကောင်းမှု | ၅၀၀၀၀၀ |
| ၅၂၂၃။ | ဦးဝင်းသန်းနှင့်ဇနီး ဒေါ်ခိုင်ခိုင်ဝင်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၂၂၄။ | ဦးသိန်းသူရမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၂၂၅။ | ဦးလှအောင်နှင့်ဇနီး ဒေါ်သူဇာမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၂၂၆။ | ဦးဟန်ဇော်ဌေးမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၂၂၇။ | ဦးအောင်မြင့်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၂၂၈။ | ဦးသက်အောင်နှင့်ဒေါ်နီနီခိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၂၂၉။ | ဒေါ်အေးအေးသန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၂၃၀။ | ဦးသောင်းအေးနှင့်ဇနီး ဒေါ်စောဝေမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၂၃၁။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးသန့်ဇင် နှင့်ဇနီး ဒေါ်စန်းစန်းနွဲ့မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၂၃၂။ | ဦးမျိုးအောင်နှင့်ဇနီး ဒေါ်တင်အုန်းမြင့်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၂၃၃။ | ဦးအောင်ထွန်းနှင့်ဇနီး ဒေါ်မခမ်း၊ (သား)ကိုအောင်မြင့် နှင့်ဇနီး မသီတာ၊ (သမီး)မဖြူဖြူအောင်၊ မထက်ထက်အောင်၊ (သား) မောင်အောင်ထက်ကျော်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၂၃၄။ | ဦးဌေးဝင်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၂၃၅။ | ဦးအောင်နိုင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၂၃၆။ | ဒေါ်ဆွေဇင်မြင့်၊ (သမီး)မရွှန်းလဲ့သီရိဦး၊ (သား)မောင်ကောင်းပြည့်သော်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၂၃၇။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်သီတာချို၊ (သား)ကိုကိုချိန်ဇင်ရွှေ၊ (သမီး)ခင်ရတနာချိန်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၂၃၈။ | မိခင်ကြီးဒေါ်အုန်းမြင့်အားအမှူးထား၍ ကိုဝင်းဇော်ဦး နှင့်ဇနီး မခင်ဝင်းမြင့်၊ ကိုသန့်ဇော်မြင့်နှင့်ဇနီး မအိမွန်ဇော်၊ မလေးလေးမြင့်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၂၃၉။ | ဒေါ်ဝင်းတင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၂၄၀။ | ဦးအောင်သူဟန်(မြို့နယ်တရားသူကြီး၊ ပန်းတနော်မြို့နယ်တရားရုံး)နှင့်ဇနီး ဒေါ်သက်သက်ခိုင်၊ (သမီး)မသင်းသီရိအောင် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၂၄၁။ | ဦးညွန့်မောင်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၅၂၄၂။ | ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (ခ) မြင်းမူမောင်နိုင်မိုး နှင့်ဇနီး ဒေါ်ခင်အေးမူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၄၃။ | ဒုတိယဗိုလ်မှူးကြီးဆန်းမင်းထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၄၄။ | ဒုတိယဗိုလ်မှူးကြီးလှရွှေ(ငြိမ်း)နှင့်ဇနီး ဒေါ်ရီရီလွင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၄၅။ | ဗိုလ်ကြီးသန့်ဇင်ထွန်းနှင့်ဇနီး မဟန်နွယ်ဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၄၆။ | ပါမောက္ခဒေါက်တာမပြုံးကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၄၇။ | ဦးကိုကိုဝင်းနှင့်ဇနီး မသူသူဌေး၊ (သား)မောင်သုနိုင်းထက်၊ မောင်ရဲဝံ့ထက်၊ (သမီး)ခင်သွေးချွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၄၈။ | ဒေါ်တင်တင်နိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၄၉။ | ဦးဇော်မင်းထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၅၀။ | ဒေါ်ဝင်းကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၅၁။ | ဒေါ်တင်တင်မော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၅၂။ | ဗိုလ်ကြီးမောင်နှစ်(မော်ကွန်းဝင်ဒုတိယအဆင့်) နှင့်ဇနီး ဒေါ်ကြည်ကြည်၊ (ဘွားလေး)ဒေါ်ခင်မေတို့အားရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၅၃။ | Mr. Lê Thanh Tién မိသားစုကောင်းမှု (ဗီယက်နမ်နိုင်ငံ) | Dong 1000 |
| ၅၂၅၄။ | ဒေါ်ခင်ဆွေသိန်း၊ ဒေါ်ခင်စန်းရီ၊ ဒေါက်တာခင်လေးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၅၅။ | မိခင်ကြီးဒေါ်တင်လှိုင်အားအမှူးထား၍ ဦးစောလားဟေး+ဒေါ်ဆွေဆွေမြင့်၊ (သား)မောင်ချစ်သွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၅၆။ | ဒေါ်သန်းဆွေအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၅၇။ | ဦးအောင်သန်းဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၅၈။ | ဦးသန်းတီနှင့်ဇနီး ဒေါ်နုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၅၉။ | ဦးတင်အောင်နှင့်ဇနီး ဒေါ်သန်းသန်းဌေး (ငါးဖမ်းစက်လှေလုပ်ငန်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၆၀။ | Mr. ARR YINT နှင့်ဇနီး ဒေါ်အက်စတာ၊ (သမီး)ထျန်းလျန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၆၁။ | ဒေါ်အေးအေးဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၆၂။ | အင်းဝဘဏ် customer (၅)ဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၆၃။ | ဦးဆန်းလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၆၄။ | ဒေါ်ကော်လင်းအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၆၅။ | ဦးစိုးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၆၆။ | ဦးနန်းဇော်အောင်နှင့်ဇနီး ဒေါ်သဲသဲစိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၆၇။ | ဦးဇော်မင်းနှင့်ဇနီး ဒေါ်နီလာညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၆၈။ | ဦးသိန်းစိုးနှင့်ဇနီး ဒေါ်စောမိုမိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၆၉။ | ဦးကျင်မောင်နှင့်ဇနီး ဒေါ်ခင်သန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၇၀။ | ဦးဇော်လွင်နှင့်ဇနီး ဒေါ်မိုးမြတ်စုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၇၁။ | ဦးမြင့်စန်းနှင့်ဇနီး ဒေါ်ညွန့်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၇၂။ | ဦးစိုးမိုးအောင်နှင့်ဇနီး ဒေါ်ချောစုထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၂၇၃။ | ဒေါ်စန်းရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ်(၄၅၅/က)၊ (၁၂၀၀ စ/ပေ)၊ မြေကွက်တည်နေရာအမှတ်(၄၅၅/က)၊ နီလာ(၅)လမ်း၊ (ဂ)ရပ်ကွက်၊ ဦးချစ်မောင် (HGU-082946) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးချစ်မောင်ထံမှ (၂၀-၁၂-၂၀၁၃)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးမျိုးမြင့်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မာမာဝင်း)မှ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၇၁/၂၀၂၂ဖြင့် ဦးချစ်မောင်အပေါ် ပဋိညာဉ်အတိုင်း မြေကွက်နှင့်နေအိမ်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ (၂၇-၁၂-၂၀၂၂)ရက်နေ့က အထက်ဖော်ပြပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်- ၄/၂၀၂၃ (၂၈-၃-၂၀၂၃)ရက်စွဲပါ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ်စာရေးကြီး ဒေါ်သူဇာ [၆/ထဝန(နိုင်)၀၂၆၃၄၃]မှ ဖော်ပြပါတရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကိုတင်မြင့် [၁၂/ပဘတ (နိုင်)၀၃၅၅၅၀] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် MB-250086 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-784451465**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကွင်းအမှတ်(၃၁၇/ခ)၊ ဦးပိုင်အမှတ် (၆/စ)ရှိ နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/လသယ(နိုင်)၀၃၆၆၂၂] ကိုင်ဆောင်သူ ဦးကျော်ဇေယျ ပိုင်ဆိုင်သော လယ်မြေ (၂.၂၄)ကေအား ပိုင်ဆိုင်မှုစာရွက်စာတမ်းများ ပျောက်ဆုံးနေပါသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ယခုကြေညာသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း မိမိထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဦးကျော်ဇေယျ [၁၂/လသယ (နိုင်) ၀၃၆၆၂၂]**
**09-693678856**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်-၆၅၃(ခ)၊ သိမ်ချောင်းရှမ်းလမ်း၊ ၂၁-ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၂၁၊ မြေကွက်အမှတ်-၆၅၃(ခ)၊ ဧရိယာ(၀.၀၃၁)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေ စီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးတင်အောင်စိုး [၁၂/သဃက(နိုင်)၀၄၈၈၃၈]နှင့် ဒေါ်တင်ရီ [၁၂/သဃက(နိုင်)၀၄၉၂၉၀]တို့ပူးတွဲအမည်ဖြင့်မှတ်သားတည်ရှိပြီး အမည်ပေါက်များထံမှ ဦးအေးမြင့် [၆/ထ၀န(နိုင်)၀၀၉၂၈၉]သည် (၂-၁၂-၂၀၁၂)ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိ"စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေများမှလည်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အိမ်ကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြိုးဖြိုးမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ်-၂၁/၂၃ ဟုခေါ်တွင်သော ၂ ခန်းတွဲ (၇)ထပ်တိုက်၏ (A-6)၊ အလျား၂၂.၅ပေ x အနံ၆၉ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော မီတာဘောက်(စ်)အပါအဝင် ပစ္စည်းအားလုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမျိုးမင်းထိုက်[၁၂/ဥကမ(နိုင်)၁၅၆၁၇၉]ကိုင်ဆောင်သူမှ ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ တာဝန်ယူကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်ခင်[၂/လကန(နိုင်)၁၀၃၂၅၆]ကိုင်ဆောင်သူမှ ရောင်းဖိုးငွေဖြင့်ပင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်(တစ်ပတ်)အတွင်း စာရွက်စာတမ်း(မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ခင်[၂/လကန(နိုင်)၁၀၃၂၅၆]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၈)(၄-၁၂-၁၉၈၄)**
**တိုက်(၉/၁၁)၊ (၁၀၃)စီ/ပထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-250022892, 09-443021827**

## ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အ.လ.က (ခွဲ) ကလော့ Grade-5 မှ မသင်းဇာဇာအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်း [၁၀/ခဆန(နိုင်)၀၆၂၅၃၀] ဖြစ်ပါကြောင်း။

**ဦးအောင်သန်း**
**[၁၀/ခဆန(နိုင်) ၀၆၂၅၃၀]**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအေးမင်းသိန်း [၈/ဆဖန(နိုင်) ၀၆၃၇၈၀]၏ ပထမတန်းစက်ခန်းအုပ်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-421110517**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသန့်ဇင်ဦး[၁၄/လပတ(နိုင်)၁၈၇၇၆၈]၏ ပထမတန်း စက်ခန်းအုပ်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-777079807**

# သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃M)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်-(I ၇)နှင့်(I.၈.A)၊ (အလျား ၅၀ပေ×အနံ ၅၇.၆ပေ) နှင့် (အလျား ၁၁.၆ပေ×အနံ ၅၀ပေ)၊ ဧရိယာ(၀.၀၆၆)ဧကနှင့်(၀.၀၁၃)ဧက၊ ဦးစိုးလွင်(၁၂/ကတတ(နိုင်)၀၂၁၆၁၉)အမည်ပေါက်၊ မြေအမျိုးအစား-နှစ်(၆၀)မြေငှားဂရန်၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စေရန်ပိုင်အနောက်ရပ်ကွက်၊ စကားစိမ်းလမ်းနှင့်နွယ်နီလမ်းထောင့်၊ မြေကွက်အမှတ်(၉၆၊၉၈၊၁၀၀)နှင့်အမှတ်(၉၄)ဟုခေါ်တွင်သောမြေကွက်၊ အဆောက်အအုံနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြေငှားစာချုပ်အမှတ်-အလ/ဂရ(တိုး)၆/၂၀၁၇ နှင့် အလ/ဂရခွဲ ၇/၂၀၂၃ တို့အရ မြေကွက်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးစိုးလွင်(၁၂/ကတတ(နိုင်)၀၂၁၆၁၉)ကိုယ်တိုင်မှ လက်ရှိထားပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသဖြင့် ၎င်းထံမှကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အလို့ငှာ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်အေးသန့်ဇင် (LL.B, LL.M)** — တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၄၆) (၂၁-၁၁-၂၀၁၃)

**ဦးအောင်မျိုးခိုင် (LL.B)** — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၃၆)(၂၉-၆-၂၀၁၀)

အမှတ်(၁၉)၊ ပထမထပ်၊ ဂန္ဓမာလမ်း၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၉၀၀၃၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ ခြံအမှတ် (၁၀၉)၊ ပထမထပ် (F-13) ဟုခေါ်တွင်သော စတုရန်းပေ (၄၃၀)အကျယ်ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ဇာနည်ထွန်း [၁၂/မဂတ(နိုင်)၀၇၉၅၀၂]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ညွန့် [၁၂/သလန(နိုင်)၀၃၅၄၅၉]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

| | | |
|---|---|---|
| **ဦးကျော်ဇေယျ (LL.B)** (စဉ်-၁၃၁၈၁/၁၇) | **ဒေါ်သန္တာဆွေ (LL.M)** (စဉ်-၁၀၄၀၇/၁၅) | **ဒေါ်နော်ဆည်းဇာ (LL.B)** (စဉ်-၁၂၆၃၇/၁၇) |
| **ဒေါ်မြင့်မြင့်သန်း (LL.M)** (စဉ်-၁၃၂၄၀/၁၇) | | **ဒေါ်ဝေမာနွယ် (LL.B)** (စဉ်-၁၄၇၁၁/၁၈) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၂၂၈၁၁၁၈၊ ၀၉-၄၃၁၈၈၉၈၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ မြေကွက်အမှတ် (၁၄၁၉/ခ)၊ မြေကွက် တည်နေရာ အမှတ်(၁၄၁၉/ခ)၊ ဇင်ယော်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးကျော်ကျော် [၁၂/ဒဂတ(နိုင်)၀၁၃၄၂၃] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက်ဦးကျော်ကျော်(ခင်ပွန်း) ဖြစ်သူသည်(၃-၈-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ယဉ်ယဉ်လှ [၁၂/ကမတ(နိုင်)၀၄၀၉၄၄]မှ တရားဝင် အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်ကြောင်း မိမိမှလွဲ၍ အခြားဇနီးမယားတစ်ဦးတစ်ယောက်မှမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တစ်ဦးတည်းသောဇနီးဖြစ်သူ မိမိကသာလျှင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ မရှိပါကြောင်း ကျမ်းကျိန်လွှာ အမှတ်-၁၀၉၅/၂၀၂၃ (၂၀-၆-၂၀၂၃)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ်အုတ်ညှပ်(၁)လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ပြီး ဒေါ်ယဉ်ယဉ်လှမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ယဉ်ယဉ်လှ၏ ပိုင်ဆိုင်/အရောင်းမြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "HM Elevator Inc. MYANMAR Company Limited Co.,Ltd"

### မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေများအရ ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေညာခြင်းနှင့်ရရန်ရှိသည့် အကြွေးများတောင်းခံရန် သတိပေးခြင်း

၂၀၂၃ခုနှစ်၊ ဩဂုတ်လ(၁၈)ရက် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီကိုဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ဖြူဖြူညိမ်း (B.Com., C.P.A) (Certified Public Accountant and Auditor) [၁၂/ဗတထ(နိုင်)၀၁၆၄၁၀] အား ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

